# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၃၇ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၁၉-၁၀-၂၀၁၁)

**အချိန်** ၊၁၀း ၀၅။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ အသိပေးတင်ပြလိုတဲ့အချက်လေးရှိပါတယ်။ ကျွန်တော်တို့ နေ့ခင်းပိုင်းမှာ ပြုလုပ်မယ့် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နေ့လည် ၁ နာရီအစား ၁ နာရီ ၃၀ မိနစ်၊ နေ့လည် ၁၃၃၀ အချိန်မှာ စတင်ဆောင်ရွက်မှာဖြစ်ကြောင်း ပြင်ဆင်တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကော်မတီများ နေရာချထားမှုနှင့်ပတ်သက်လို့ အသိပေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ကော်မတီအဆောင်များမှာ လွှတ်တော်ကော်မတီ ၂၃ ခုကို နေရာချထားမှုလေးကို တင်ပြပါမယ်ခင်ဗျား။ အဲလိုတင်ပြတဲ့အခါမှာ အဆောင်တစ်ခုကို ကော်မတီ ၂ ခုနှုန်းနဲ့ ကျွန်တော်တို့နေရာချထားတာဖြစ်ပါတယ်။ အဲလိုနေရာ ချထားတဲ့ အပိုင်းမှာ ပထမဦးဆုံး ကော်မတီ ၂ ခုပိုင်းမှာ ပထမတင်ပြတဲ့ ကော်မတီများဟာ အဆောင်များရဲ့ အပေါ်ထပ်မှာ နေရာချထားပေးပြီးတော့၊ ဒုတိယကော်မတီကတော့ အောက်ထပ်မှာ နေရာချထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ I-1 ကတော့ ကျွန်တော်တို့ လောလောဆယ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ရုံးခန်းဖြစ်ပါတယ်။ I-2 မှာတော့ ဥပဒေကြမ်းကော်မတီ ဖြစ်ပါတယ်။ အဆောင်အမှတ် I-3 ပြည်သူ့ငွေစာရင်းကော်မတီနဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖြစ်ပါတယ်။ I-4 မှာတော့ လွှတ်တော်အခွင့်အရေး ကော်မတီနဲ့ အမျိုးသမီးများနှင့်ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးကော်မတီ ဖြစ်ပါတယ်။ I-5 မှာတော့ နိုင်ငံသားများနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီတို့ ဖြစ်ပါတယ်။ I-6 မှာတော့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနဲ့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီတို့ဖြစ်ပါတယ်။ အဆောင်အမှတ် I-7 မှာတော့ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့ ဖြစ်ပါတယ်။ အဆောင်အမှတ် I-8 မှာတော့ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ဖြစ်ပါတယ်။ I-9 မှာတော့ ပို့ဆောင်ရေး၊

ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီနဲ့ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖြစ်ပါတယ်။ အဆောင်အမှတ် I-10 မှာတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖြစ်ပါတယ်။ အဆောင်အမှတ် I-11 မှာတော့ ကျန်းမာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့ ဖြစ်ပါတယ်။ အဆောင်အမှတ် I-12 မှာတော့ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာကော်မတီနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့ဖြစ်ပါတယ်။ အဆောင်အမှတ် I-13 မှာတော့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနဲ့ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီတို့ ဖြစ်ပါတယ်ခင်ဗျား။ ယာယီအားဖြင့်တော့ ထပ်မံတိုးချဲ့ပေးထားတဲ့၊ ဖွဲ့စည်းထားတဲ့ ကော်မတီ ၁၉ ခုမှာတော့ လက်ရှိကျွန်တော်တို့ရှိတဲ့ Staff အင်အားထဲကနေပြီးတော့မှ Staff ၂ ဦးစီနဲ့ အဆောင်တစ်ဆောင်မှာဆိုရင်တော့ ၄ ဦးစီကိုတော့ ယာယီတာဝန်ချထားပြီးတော့ လက်ရှိတွဲဖက်ပေးထားပြီး ဖြစ်ပါတယ်။ ကော်မတီများနဲ့ပတ်သက်ပြီးတော့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ဖို့တော့ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးဝင်းနဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်တို့ကို ယာယီအားဖြင့် သီးခြားတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း ၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၇ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး အစီအစဥ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးမြင့်သည် ကိုယ်တိုင်ဆောင်ရွက်ရမယ့်ကိစ္စ ရန်ကုန်တွင်ရှိပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်ပြုပေးပါရန် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မြေမှ ကျွန်တော် ဦးသာဝင်းက ဦးအေးမြင့်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်လွင်(စလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်သည် ဝမ်းရောဂါဖြစ်ပွားနေပါသဖြင့် ယနေ့တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးဝင်းတင်ကိုယ်စား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမြင့်သူ(မြို့သစ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဟာ နေမကောင်းဖြစ်နေပါသဖြင့် ယနေ့ ၁၉-၁၀-၂၀၁၁ နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးစိုးနိုင်ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးသည် မိုးမိပြီးဖျားနေပါသဖြင့် ၁၉-၁၀-၂၀၁၁ နေ့မှ ၂၁-၁၀-၂၀၁၁ နေ့အထိ ခွင့် ၃ ရက်ခွင့်ပြုပေးပါရန် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းက လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရွှေ(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းသည် မိမိကိုယ်တိုင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိနေပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ကို ခွင့်အဖြစ် ထပ်မံ၍သတ်မှတ်ပေးပါရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦး မဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေမှ ဦးလှထွန်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြင်းခြံ-တောင်သာ မော်တော်ကားလမ်းပေါ်ရှိ တောင်သာချောင်းပေါ်မှာ တံတားတစ်စင်း ဆောက်လုပ်ပေးနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနကို မေးမြန်းမယ့်မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါ။ တောင်သာ

ချောင်းဟာ မြင်းခြံ-တောင်သာ-မိတ္ထီလာ-နေပြည်တော်-ရန်ကုန် သွားလမ်းပေါ်မှာ လည်းကောင်း၊ မြင်းခြံ-တောင်သာ-ပုပ္ပါး-ကျောက်ပန်းတောင်း-မကွေး-ပြည် သွားလမ်းပေါ်မှာ လည်းကောင်း၊ တောင်သာ-မြင်းခြံ-နွားထိုးကြီး-မြစ်သား-ကျောက်ဆည်-မန္တလေး သွား ပြည်ထောင်စုလမ်းပေါ်မှာရှိတဲ့ ချောင်းတစ်ခုဖြစ်ပါတယ်။ ရန်ကုန်မှ မိုင်တိုင်အမှတ် ၄၄၃/၂ မြေပုံအညွှန်း ၈၄/O/ ၇ P ၈၃၆၈၄၃ တွင် တည်ရှိတဲ့ တောင်သာချောင်းဟာ အကျယ်မှာ ၆၄၀ ပေရှိပါတယ်။ မိုးရာသီရေစီးများချိန်မှာ ရေအနက် ၅ ပေခန့်ရှိပါတယ်။ ကွန်ကရစ်ရေကျော်လည်း ပေ ၃၀၀ ခန့် ဆောက်လုပ်ထားပါတယ်။ တောင်သာ ချောင်းရေကျော်ရဲ့အထက်ဘက်မှာ တောင်သာဆည်တည်ဆောက်ထားပြီး ဆည်ရေပြည့်ချိန်မှာ ပိုလျှံရေကို Spay Way မှ ချောင်းအတွင်း ပြန်လွှတ်၍လည်းကောင်း၊ လယ်ယာမြေများရေပေးရန် ပင်မရေပေးမြောင်း Main Canal အဖြစ် မူလချောင်းရေကို မူလချောင်းကို အသုံးပြုထား၍ လည်းကောင်း ၁၂ လရာသီ ရေပြတ်တယ်လို့မရှိပါဘူး။ ဒါကြောင့် ယာဉ်များဖြတ်သန်းသွားလာမှု ခက်ခဲလျက်ရှိပါတယ်။ မြင်းခြံမြို့ရှိ အမှတ် ၄ သံမဏိစက်ရုံမှ ကုန်ကြမ်း၊ ကုန်ချောတင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်စိမ်းနဲ့ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်တဲ့ မိတ္ထီလာ-ပခုက္ကူ- မြင်းခြံ-တောင်သာ-ကျောက်ပန်းတောင်းဒေသတို့မှ ယာဉ်အစီး ၁၀၀ ခန့်မှာ ချောင်းရေများချိန် ဖြတ်သန်း သွားလာနိုင်မှုမရှိဘဲ မြို့တွင်း၊ မြို့ပြင်တို့မှာ တစ်ရက်မှသည် တစ်ခါတစ်ရံ နှစ်ရက်ခန့် ရပ်နား စောင့်ဆိုင်းရမှုကြောင့် ယာဉ်ကြောယာယီပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါအခက်အခဲများကြောင့် တောင်သာမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဘဦးအောင်သောင်းအနေနဲ့ လူကူးချောင်းကူးတံတားတစ်ခုကို ငွေကျပ် သိန်း ၁၅၀ အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းပေးခဲ့ပြီလည်းဖြစ်ကြောင်းတင်ပြလိုပါတယ်။ နိုင်ငံတော်အနေနဲ့ မော်တော်ကားများ ရာသီမရွေးဖြတ်သန်းနိုင်ရန် သင့်တော်တဲ့တံတားတစ်စင်း အမြန်တည်ဆောက် ပေးခြင်းဖြင့် ယာဉ်များအခက်အခဲမရှိ ဖြတ်သန်းသွားလာနိုင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေခြင်း အပြင် အချိန်နဲ့တစ်ပြေးညီ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မယ် ဖြစ်တဲ့အတွက် တောင်သာချောင်းကူးတံတားတည်ဆောက်ရန်အစီအစဉ် ရှိ၊ မရှိကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျင်ဝမ်း ဟိုပန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မဲဆန္ဒနယ်မှ  ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း ဖြစ်ပါတယ်။ လေးစားပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အဓိကကျသောသိန္နီမြို့မှ ချင်းရွှေဟော်မြို့အထိဆက်သွယ်ထားသောလမ်းပိုင်းကို အကျဉ်းချုံးပြီး တင်ပြမေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းလမ်းပိုင်းသည် အရှည် ၆၈ မိုင်ခန့်ရှိပြီး အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသောလမ်းပိုင်းဖြစ်ကြောင်း သိရှိရပါတယ်။ သိန္နီမြို့မှ နမ့်ဆလရွာအထိ လမ်းပိုင်းသည် အတော်အသင့်ကောင်းမွန်သော်လည်း ကျန်တဲ့လမ်းပိုင်းမှာ တောတောင်ထူထပ်၍လည်းကောင်း၊ သဲသောင်များမကြာခဏပြိုကျ၍လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီသည် အခက်အခဲများကြားမှ အနစ်နာခံပြီး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းကြောင်းသည် ကျွန်တော်တို့ "ဝ"ဒေသ၊ ကိုးကန့်ဒေသနှင့် ကွမ်းလုံခရိုင်တို့၏ အဓိကအသက်သွေးကြောလမ်းကြောင်းဖြစ်တဲ့အပြင် တရုတ်ပြည်နဲ့လည်း အရေးပါသော ကုန်သွယ်ရေးလမ်းကြောင်းတစ်ကြောင်း ဖြစ်ပါတယ်။ သို့ရာတွင် နမ့်ဆလ ရွာနဲ့ ကွမ်းလုံမြို့အကြား လမ်းပိုင်းသည် သဲသောင်များကိုဖြတ်၍ လမ်းဖောက်လုပ်ထားသောကြောင့် မိုးရာသီတွင် သဲသောင်များပြိုကျ၍ လမ်းပိတ်ဆို့မှုများမကြာခဏကြုံတွေ့နေရပါတယ်။ တောတောင်ထူထပ်၍ လမ်းအကွေ့အကောက်များတဲ့အတွက် ကားတိုက်မှု၊ ကားတိမ်းမှောက်မှုလည်း ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအခက်အခဲများကို ကျော်လွှားနိုင်ရန် သိန္နီမြို့မှ ချင်းရွှေဟော်မြို့အထိ ဆက်သွယ်ထားသောလမ်းပိုင်းကို လမ်းအကျယ်ချဲ့ပြီး ပိုမိုကောင်းမွန်သော အဆင့်မြင့်လမ်းအဖြစ် နိုင်ငံတော်အစိုးရမှ ပြုလုပ်ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိသိလိုပါသဖြင့် လေးစားစွာ တင်ပြပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးလွင်၊ နမ့်ဆန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်(ခ)ဦးဒီလုံး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့  နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အလယ်ပိုင်း၊ နမ့်ဆန်မဲဆန္ဒနယ်မှ  ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ)ဦးဒီလုံး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ BOT စနစ်ဖြင့် လမ်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီစနစ်ဟာ အင်မတန်ကောင်းမွန်တဲ့ စနစ်တစ်ခုဖြစ်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်း ပျက်စီးနေတဲ့လမ်းပိုင်းတွေကို ပြုပြင်ရာမှာနှောင့်နှေးကြန့်ကြာမှုတွေ ရှိနေတာကိုလည်းတွေ့ရှိရပါတယ်။ ဒီလိုနှောင့်နှေးကြန့်ကြာမှုတွေ မရှိအောင် အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်စေရန်အတွက် B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားတဲ့ ပုဂ္ဂလိကကုမ္ပဏီများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့စိစစ်ကြီးကြပ်ဆောင်ရွက်သွားမည်ဆိုတဲ့အစီအစဉ်ကို သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများခင်ဗျား။ ကာယသုခ၊ စိတ္တသုခနှစ်ဖြာနဲ့ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် မေးခွန်းနှစ်ခုဆက်တိုက် မေးမြန်းခွင့်ပေးပါလို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ပထမမေးခွန်းကတော့ မော်လိုက်မြို့နယ်နှင့် ကလေးဝမြို့နယ် ဆက်သွယ်ထားတဲ့ ကားလမ်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး သွားနိုင်သော ကတ္တရာလမ်း ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ။ ဒုတိယမေးခွန်းကတော့ မော်လိုက်မြို့နယ် မြို့ပတ်လမ်း ၂.၅ မိုင်နဲ့ ကမ်းနားလမ်းအပါအဝင် စုစုပေါင်း ၄ မိုင်ခန့်ကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ခင်းပေးနိုင်ခြင်း ရှိ၊ မရှိ ကျွန်တော် မေးခွန်းနှစ်ခုကို ဆက်တိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မော်လိုက်မြို့နယ်နှင့် ကလေးဝမြို့နယ်ကို ဆက်သွယ်ထားသောကားလမ်းကို နွေ၊ မိုး၊ ဆောင်း ရာသီသုံးခုစလုံး အချိန်မရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုသောမေးခွန်းကို မေးမြန်းသိရှိလိုပါတယ်။ ကျွန်တော်တို့ မော်လိုက်မြို့ဟာ ၁၉၁၆ ခုနှစ်က တည်ထောင်ခဲ့တဲ့မြို့ဖြစ်ပါတယ်။ ယခင်ကတော့ ခြောက်မြို့နယ်ပေါင်းပြီးတော့မှ တစ်ခရိုင်သတ်မှတ်ထားပါတယ်။ ဒီနေ့တော့ ဖောင်းပြင်နှင့် မော်လိုက်နှစ်ခုတည်း ပေါင်းပြီးတော့မှ မော်လိုက်ခရိုင်ဆိုပြီးတော့မှ နှစ်မြို့ပေါင်းထားတာရှိပါတယ်။ မော်လိုက်

မြို့နယ်ဟာဆိုလို့ရှိရင် မော်လိုက်မြို့အနောက်ဖက် တမူးမြို့ကိုသွားတဲ့ကားလမ်းနဲ့ မော်လိုက်နဲ့ဆက်သွယ်ထားတဲ့ပြောင်ကုတ်လမ်းဆိုပြီးတော့ ၁၉၆၄ ခုနှစ်ကစပြီးတော့မှ ဖောက်လုပ်နေတဲ့လမ်းဖြစ်ပါတယ်။ အဲဒီက လမ်းတစ်သွယ်၊ နောက်မော်လိုက်မြို့ရဲ့အရှေ့ဘက် ခုနှစ်မိုင်ခန့်အကွာ ရေဦးမှခန္တီးအထိ မဟာဗျူဟာလမ်း ၁၉၈၉-၁၉၉၀ ခန့်က စတင်ပြီး ဆောက်လုပ်နေတဲ့လမ်းတစ်သွယ် နောက် ၂၀၀၂-၂၀၀၃ ခန့်က မော်လိုက်နဲ့ ကလေးဝဆက်သွယ်ထားတဲ့လမ်းတစ်သွယ် ဆိုပြီးတော့မှ လမ်းသုံးသွယ်ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီလမ်းသုံးသွယ်လုံးဟာ နွေ၊ မိုး၊ ဆောင်း သုံးရာသီသွားနိုင်တဲ့လမ်းတစ်လမ်းမှမရှိပါဘူး။ မော်လိုက်မြို့နယ်မှာဆိုလို့ရှိရင် မော်လိုက်မြို့နယ်နဲ့ ကလေးဝမြို့နယ်ဟာဆိုလို့ရှိရင် ကားလမ်းမိုင်အားဖြင့် ၃၆ မိုင်ရှိပါတယ်။ ရေလမ်းအားဖြင့် ၃၈ မိုင်ရှိပါတယ်။ ကားလမ်းဟာဆိုလို့ရှိရင် ကျောက်မြေ၊ ကျောက်လမ်းတချို့၊ မြေသားလမ်းတချို့ ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်။ မော်လိုက်မြို့နယ်ဟာဆိုလို့ရှိရင် နွေရာသီနဲ့မိုးမှာဆိုလို့ရှိရင် နွေရာသီနည်းပြီးတော့မှ မိုးဦးကျစောတဲ့အခါမှာ မိုးရွာလို့ရှိရင် အဲဒီကားလမ်းဟာ လုံးဝသွားလို့မရတော့ပါဘူး။ ထို့အတူပါပဲ ပြောင်ကုတ်လမ်းလည်း သွားလို့မရဘူး။ ထို့အတူပဲ အရှေ့ဘက်က ကလေးဝ-မော်လိုက်ရွာလမ်းကဆိုလို့ရှိရင်လည်း သွားလို့မရပါဘူး။ ကျွန်တော်တို့မှာဆိုလို့ရှိရင် ဘာအခက်အခဲတွေ့သလဲဆိုလို့ရှိရင် ကျန်းမာရေးနဲ့ပတ်သက်လာပြီးတော့မှ ကလေးမြို့ကိုသွားရတဲ့အခါမှာ ကုန်းလမ်းမရှိတဲ့အတွက်ရေလမ်းကိုပဲ အားကိုးနေရပါတယ်။ အဲဒါကြောင့်မို့လို့ မော်လိုက်မြို့နယ်ဟာ အင်မတန်အဆက်အသွယ်ခက်ခဲတဲ့မြို့ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခြားက ခန္တီးတို့နဲ့စာရင်သက်သာတယ်။ မော်လိုက်-ကလေးဝလမ်းကိုယခင်သမ္မတကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ကလည်းပဲဒီလမ်းကိုကောင်းအောင်လုပ်ပေးလိုက်ပါဆိုတာကို ကျွန်တော်တို့ ကလေးဝမှာ ညွှန်ကြားခဲ့ဖူးတယ်ဆိုတာကို ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ မော်လိုက်မြို့နယ်နဲ့ ကလေးဝလမ်းကိုသုံးရာသီလုံးသွားနိုင်တဲ့ ၃၆ မိုင်ရှည်တဲ့ကားလမ်းကို ကတ္တရာလမ်းအဖြစ် ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိ လိုပါတယ်။ ဖောက်လုပ်ပေးမယ်ဆိုလို့ရှိရင်လည်းပဲ မည်သည့်ဘဏ္ဍာနှစ်ကစပြီးတော့မှ ဖောက်လုပ်ပေးမယ်ဆိုတာကို ကျွန်တော့် အနေနဲ့မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ်။

နောက်တစ်ခုကတော့ ဒုတိယမေးခွန်းအနေနဲ့ကတော့ မော်လိုက်မြို့နယ် မြို့ပတ်လမ်းဟာ ကမ်းနားလမ်းအပါအဝင် ၄ မိုင်ခန့်ကတ္တရာစေးလမ်း သို့မဟုတ် ဘိလပ်မြေကွန်ကရစ်လမ်းခင်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းလိုပါတယ်။ မော်လိုက်မြို့ဟာ အလောင်းဘုရားတည်ထောင်ခဲ့တဲ့ ကင်းတပ်မြို့မှ ယခုလက်ရှိမြို့နေရာသို့ ၁၉၁၆ ခုနှစ်ကစပြီးတော့ပြောင်းရွှေ့လာသောမြို့ဖြစ်ပါတယ်။မော်လိုက်မြို့မှာ နှစ်ပေါင်း ၉၅ နှစ်သက်တမ်းရှိပြီး ခရိုင်မြို့အဆင့် ဖြစ်သော်လည်းပဲ၊ ဗိုလ်ချုပ်လမ်း၊ ကမ်းနားလမ်း၊

တစ်မိုင်လောက်သာလျှင်ကတ္တရာလမ်းရှိပါတယ်။ အဲဒီကတ္တရာလမ်းဟာဆိုလို့ရှိရင်လည်းပဲ ပါးပါးလေး ခင်းထားတဲ့အခါကျတော့ ချင်းတွင်းမြစ်ရေတက်တဲ့ အခါ၊ နှစ်စဉ်နှစ်တိုင်းကအကုန်ပျက်ပါတယ်။ မော်လိုက်မြို့နယ်အနေနဲ့ မြို့ပတ်လမ်းက ၂ မိုင်ခွဲရှိပါတယ်။ ကမ်းနားလမ်းအပါအဝင်ဆိုလို့ရှိရင် ၄ မိုင်ခန့်ရှိပါတယ်။ အဲဒီလမ်းကို ၄ မိုင်ရှိတဲ့လမ်းကို ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေး နိုင်ခြင်း ရှိ၊ မရှိ ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ်။ ကျွန်တော်တို့ မော်လိုက်သူ၊ မော်လိုက်သားတွေ ကလည်း ဒီလမ်းလေးကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဖောက်ပေး စေလိုသောဆန္ဒလည်း ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ မော်လိုက်မြို့နယ် မြို့ပတ်လမ်းနှင့် ကမ်းနားလမ်းနှစ်သွယ်ကို ကတ္တရာလမ်း သို့မဟုတ် ဘိလပ်မြေကွန်ကရစ်လမ်းအဖြစ်လည်းကောင်း တိုးမြှင့်ပေးစေလိုပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆိုပါလမ်း ၄ မိုင်ခန့်ကို ကတ္တရာစေးလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးနိုင်ရန် ရှိ၊ မရှိဆိုသည့်အချက်ကို ကျွန်တော် သိရှိလိုပါတယ်။ အဲဒါကို ကျွန်တော်အနေနဲ့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွဋ်ဦး၊ နတ်တလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည်စုံပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရဲထွဋ်ဦးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းက ပဲခူးတိုင်း ဒေသကြီးအနောက်ပိုင်း နတ်တလင်းမြို့၏ အနောက်ဘက် ၈ မိုင်၊ ၆ ဖာလုံခွဲအရှည်ရှိလမ်းကို လွတ်လပ်ရေးမရခင် ကာလအတွင်းက ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေးရှိပြီး ဖဆပလ အစိုးရလက်ထက် ၁၉၅၉-၁၉၆၀ ခုနှစ်တွင် District Council လက်ထက်မှာ ကတ္တရာလမ်းအဖြစ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် မှ ၁၉၈၈ ခုနှစ်အတွင်း တော်လှန်ရေးကောင်စီ အစိုးရနှင့် နိုင်ငံတော်ကောင်စီအစိုးရလက်ထက်တွင် ပြုပြင်မှုရှိသော်လည်း ထိန်းသိမ်းမှုအားနည်းခဲ့ ပါတယ်။ လမ်းအနေဖြင့်လည်း နတ်တလင်းမှ တာပွန်အထိ အသုံးမပြုနိုင်သည့်အထိ ပျက်စီးခဲ့ပါတယ်။ ၁၉၈၉-၁၉၉၀ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဂဝံကျောက်လမ်းအဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပျက်စီးယိုယွင်းသွားပြီး သွားလာရေးအခက်အခဲများကြောင့် နေ့စဉ်အသုံးပြုနေသော ကျေးလက် ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများနှင့်ကြုံတွေ့ရခြင်းနှင့်

ကုန်စည်စီးဆင်းမှုကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မလိုအပ်ဘဲကြီးလေးခြင်းစသည်တို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အကျိုးငှာလည်းကောင်း ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် နတ်တလင်း-တာပွန်လမ်း ဂဝံကျောက်လမ်းပျက်အစား ယခင်ကတ္တရာလမ်းအဖြစ် ပြန်လည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဆိုသည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကနေပြီးတော့ မေးမြန်းထားတဲ့မေးခွန်းကို ပထမဆုံးဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးဝင်းမြင့် မေးထားတဲ့ မြင်းခြံ-တောင်သာ ကားလမ်းပေါ်ရှိ တောင်သာချောင်းကူးကွန်ကရစ်ရေကျော်နေရာ၌ သင့်တော်သည့်တံတားသစ်တစ်စင်း အမြန်တည်ဆောက်ပေးခြင်းနှင့် ယာဉ်များအခက်အခဲမရှိ သွားလာနိုင်ခြင်း ယာဉ်အန္တရာယ်ကင်းရှင်းစေခြင်းတို့အပြင် အချိန်နှင့်တစ်ပြေးညီ ကုန်စည်စီးဆင်းမှု မြန်ဆန်စွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နိုင်မှုအခြေအနေရှိသော တောင်သာချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းချက်ကို ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ရန်ကုန်-ပြည်-မကွေး- မြင်းခြံ၊ မန္တလေး-မြင်းခြံ-တောင်သာလမ်းပိုင်းရဲ့ ၄၃၃ မိုင် ၂ ဖာလုံမှာ တောင်သာချောင်းတည်ရှိပါတယ်။ ၎င်းလမ်းပိုင်းဟာ ထွန်းညီလူကုမ္ပဏီကနေပြီးတော့ B.O.T စနစ်နဲ့ဆောင်ရွက်နေသော မိတ္ထီလာ-မလှိုင်-တောင်သာ-မြင်းခြံလမ်းပေါ်မှာ ပါဝင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်သည် မိုးနည်းသောဒေသဖြစ်သော်လည်း ရံဖန်ရံခါ မိုးရွာသွန်းမှုများသောအချိန်မှာ ရေစီးဆင်းသောချောင်းများ ဖြစ်ပါတယ်။ ၎င်းချောင်းတွေဟာဆိုရင် တောင်သာချောင်းဟာ

ဆိုရင် ပေ ၃၀၀ ကျော်ရှိတဲ့ ကွန်ကရစ်ရေကျော်တည်ဆောက်ပေးပြီးတော့ ၎င်းချောင်းရေရဲ့ အခက်အခဲကို ဖြေရှင်းပေးထားတာရှိပါတယ်။ နှစ်စဉ်ချောင်းရေကျော်ချိန်မှာ အနက် ၃ ပေခန့်သာရှိပြီး ရေများဟာ နာရီပိုင်းသာစောင့်နိုင်ခဲ့ပါတယ်။ ယခုနှစ်မိုးများတဲ့အခါမှာ မိုးရေများခြင်းနဲ့ တောင်သာဆည်ကနေပြီးတော့ ရေပိုလွှဲကနေရေလျှံခြင်းနဲ့ချောင်းရေနဲ့ ပူးပေါင်းသွားတဲ့အခါမှာ ရက်များနည်းနည်းများသွားတာဖြစ်ပါတယ်။ ကွန်ကရစ်ရေကျော်မှာလည်း ၅ ပေ အနက်ထိ ဖြစ်ပေါ်သွားတာကို တွေ့ရှိရပါတယ်။ ရေများလည်း တစ်ရက်ကနေ နှစ်ရက်အထိ စောင့်ဆိုင်းခဲ့ရတယ်လို့လည်း သိရှိခဲ့ရပါတယ်။ တောင်သာချောင်းရေ၊ ရေကျော်မှုနဲ့ပတ်သက်လို့ ပြန်လည်ကြည့်တဲ့အခါမှာ ရေစုန်ဘက်မှာ ၁၅ ပေခန့်အကွာမှာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ ၂၉၅ ပေအရှည်ရှိတဲ့ လူကူးသစ်သားတံတားကြီးဟာ ၂၀၀၆ ခုနှစ်က တည်ဆောက်လှူဒါန်းပေးထားကြောင်းလည်းသိရှိရပါတယ်။ နှစ်ကြာလာတာနဲ့အခါကျလည်း ရေကျော်နဲ့ ရေကူးတံတားကြီးအကြားမှာ သဲခုံတွေဖြစ်ပေါ်ပြီး ရေစီးရေလာကို ဟန့်တားနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ရေကျော်များ ရေပိုမိုသွားလာနိုင်အောင်၊ ဆောင်ရွက် နိုင်ရန်အတွက် ယခုအခါမှာ ပေ ၆၀၀ အကျယ်၊ ပေ ၁၀၀ ခန့်ရှိတဲ့ သဲသောင်ခုံတွေကိုရှင်းလင်းပြီးဖြစ်ပါတယ်။ ယခုနောက်ပိုင်းမှာ ချောင်းရေကျော်ခြင်းမရှိဘဲနဲ့ ချောမွေ့စွာသွားလာနိုင်ခြင်းရှိကြောင်းသိရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းခြံ ခရိုင်၊ မြင်းခြံ-တောင်သာမော်တော်ကားလမ်းပေါ်ရှိ၊ တောင်သာချောင်းကူးကွန်ကရစ်တံတား ရေကျော်တံတားတည်ဆောက်ရန်ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လောလောဆယ်ဆယ်အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းတင်ပြပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ ရှမ်းပြည်နယ် ဟိုပန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်းကနေပြီးတော့ မေးမြန်းထားတာဖြစ်ပါတယ်။ သိန္နီမြို့မှနေပြီးတော့ ချင်းရွှေဟော်မြို့အထိလမ်းပိုင်းကို လမ်းအကျယ်ချဲ့ပြီး ပိုမိုကောင်းမွန်သော အဆင့်မြင့်လမ်းအဖြစ် နိုင်ငံတော်မှပြုလုပ်ပေးနိုင်မည်လား သို့မဟုတ် တာဝန်ယူလုပ်ကိုင်လျက်ရှိသော အေးရှားဝေါလ်ကုမ္ပဏီနှင့် ပူးပေါင်းပံ့ပိုးပြီး ဆောင်ရွက်ပေးနိုင်မလားဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ သိန္နီမြို့မှချင်းရွှေဟော်မြို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဟာ ၆၆ မိုင်ရှိပါတယ်။ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းအပိုင်းဒေသခံ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီဖြစ်တဲ့ အေးရှားဝေါလ်ကုမ္ပဏီကနေပြီးတော့ ၁၉၉၉ ခုနှစ်၊ ဇူလိုင်(၉)ရက်နေ့မှစတင်ပြီး ဘီအိုတီစနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းအမျိုးအစား ကတော့ ကတ္တရာလမ်းအဆင့်ဖြစ်ပါတယ်။ အေးရှားဝေါလ်ကုမ္ပဏီနဲ့

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ မိုင်တိုင် ၃၅/၀ နဲ့ မိုင်တိုင် ၄၀/၀ မှာရှိတဲ့ မူလသစ်သား တံတား နှစ်စင်းကို ၆၀ တန်ခံနိုင်သော အရှည် ၃၅ ပေ၊ အကျယ် ၂၄ ပေရှိတဲ့ သံကူကွန်ကရစ်တံတား အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။ နားတီးရွာအထွက်မှာရှိတဲ့ ၂၉/၀ မိုင်နဲ့ ၃၀/၀ တို့မှာရှိတဲ့ ၁၀၀ ပေအရှည်နဲ့ ၅၀ ပေအရှည်ရှိတဲ့ ဘေလီတံတားနှစ်စင်းကိုလည်း ရေလည်တိုင်နဲ့ ကမ်းကပ်ခုံ အသစ်များ ပြန်လည်တည်ဆောက်ပေးခဲ့ပါတယ်။

သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းမှာ မိုင်တိုင် ၃၅/၀ မိုင်၊ ၃၈/၀ မိုင်၊ ၃၉/၀ မိုင်နဲ့ ၄၂/၀ မိုင် နေရာမှာရှိတဲ့ လမ်းကွေ့ကျဉ်းတဲ့ နေရာများကိုလည်း တောင်နံရံများချဲ့ပြီးတော့ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကျန်လမ်းကျဉ်းတဲ့ အပိုင်းများကိုလည်း လမ်းတာဘောင်ချဲ့ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လမ်းပေါက်များအား ကြိုတင်ရောကျောက်ကတ္တရာဖြင့် ဖာထေးခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခင်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သိန္နီ-ကွမ်းလုံလမ်း အပိုင်း မိုင်တိုင် ၄၁/၀ မိုင်နဲ့ မိုင်တိုင် ၄၆/၀ မိုင်အတွင်းမှာရှိတဲ့ သဲသောင်ကိုလည်း နှစ်စဉ်ပြိုကျလေ့ရှိ တဲ့အတွက် လမ်းပိတ်ဆို့မှုမဖြစ်ရန်အတွက် မြေထိုးစက်တစ်စီး အသင့်ထားရှိပြီးတော့ အေးရှားဝေါလ် ကုမ္ပဏီကနေပြီးတော့ လမ်းပြင်ဆင်ရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းလမ်းအပိုင်းမှာ တရုတ်ကျွမ်းကျင်ပညာရှင်များဖြင့်ပြုပြင်ပြီး နည်းလမ်းရှာရန်အတွက် အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလည်း တရုတ်ကျွမ်းကျင်ပညာရှင်များ ရောက်ရှိလေ့လာပြီး ပြန်သွားကြပြီဖြစ်ပါတယ်။ အရေးပေါ်လမ်းအသုံးပြုရန်အတွက်လည်း ၃၁/၀ မိုင်ကနေပြီး ၄၆/၀ မိုင်အကြား နားတီး၊ အထက်ပန်ဝမ်၊ နမ့်လောက်၊ ကာမိုင်း၊ မြင်းစီပါး၊ ဖာဆန်၊ သဲတောင် ရှောင်ကွင်း လမ်း၂၇မိုင် ၄ဖာလုံကိုလည်း ဖောက်လုပ်ပေးပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းအပိုင်းအား အေးရှားဝေါလ် ကုမ္ပဏီမှ ဘီအိုတီစနစ်ဖြင့် လမ်း၊ တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါ တယ်။ သိန္နီမြို့မှ ချင်းရွှေဟော်မြို့အထိ လမ်းအပိုင်းများကို လမ်းအကျယ်ချဲ့ပြီး ပိုမိုကောင်းမွန် သော အဆင့်မြင့်လမ်းဖြစ်ရန်အတွက် အင်ဂျင်နီယာဝန်ထမ်းကိုးဦး၊ လုပ်သားအင်အား ၉၀ဦး၊ လမ်းပြင်ဆင် ထိန်းသိမ်းခြင်း အဖွဲ့ခြောက်ဖွဲ့၊ စက်ယန္တရားအင်အား ၁၄ စီးဖြင့် အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်းနံပါတ်(၃)ကတော့ ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ)ဦးဒီလုံးကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးထားတဲ့မေးခွန်းဖြစ်ပါ တယ်။ နိုင်ငံတော်မှလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တိုင်းရင်းသားပုဂ္ဂလိက

လုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင် ပြီးလွှဲပြောင်းစနစ်ဖြင့် ဆောင်ရွက်နေသော ဘီအိုတီစနစ်သည် ကောင်းမွန်ပါတယ်။ မိမိတို့နယ်မြေအတွင်းမှာ အချို့မြို့နယ်များမှာ လမ်းဖြတ်သန်းခများကောက်ခံပြီး ပျက်စီးနေသောလမ်းတွေကို ပြုပြင်ခြင်းမရှိတာကိုလည်းတွေ့ရပါတယ်။ ဤကိစ္စနှင့်ပတ်သက်လို့ လုပ်ကိုင်ခွင့်ပြုထားသောကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကို မည်ကဲ့သို့ စိစစ်ကြီးကြပ်ဆောင်ရွက်သွားမည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဘီအိုတီစနစ်နဲ့ လမ်းတံတားလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို လမ်းအပိုင်းငါးပိုင်းကို ဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်များအား ရှင်းလင်းတင်ပြပါမယ်။

(၁) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းအပိုင်းမှာ မိုင်တိုင် ၅၃ မိုင် ၄ ဖာလုံမှ ၁၁၆/၀ မိုင်အထိ ၆၂ မိုင် ၄ ဖာလုံကို တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီက ယူထားပါတယ်။

(၂) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းရဲ့ မိုင်တိုင် ၁၁၆/၀ မှ ၁၈၉/၀ မိုင်အထိ ၇၃ မိုင်ကို နေမင်းရောင်ကုမ္ပဏီက ယူထားပါတယ်။

(၃) ရွှေညောင်-ညောင်ရွှေလမ်း ၀/၀ မိုင်မှ ၈/၀ မိုင်ထိ ၈ မိုင်အထိကို Three Million Group က ယူပါတယ်။

(၄) အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း ၀/၀ မိုင်မှ ၂၄/၀ မိုင်ထိ ၂၄ မိုင်ကိုလည်း Three Million Group က ယူထားတာ ဖြစ်ပါတယ်။

(၅) ရွှေညောင်-ရပ်စောက်လမ်း ၀/၀ မိုင် မှ ၃၆ မိုင်ကို အာရှမြန်မာကုမ္ပဏီကနေပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

B.O.T စနစ်နဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းများဟာ စတင်တည်ဆောက်ချိန်မှ ၃ နှစ်ကာလ သတ်မှတ်ထားတာဖြစ်ပါတယ်။ တည်ဆောက်ချိန်ကာလအတွင်း လမ်းတံတားအင်္ဂါရပ်များ ပြည့်စုံကောင်းမွန်အောင် သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများမှ B.O.T စနစ်ဖြင့် လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ချမှတ်ထားသော ၂၀ ချက်နှင့် ပြည့်စုံမှသာ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပေးတာ ဖြစ်ပါတယ်။ အဲဒီ ၂၀ ချက်ကို လိုက်နာမှသာလျှင်လည်း

B.O.T ဆောင်ရွက်ပြီးတော့ ၄င်း ၂၁ ချက်မှာပဲ စိစစ်ဆေးကြပ်မတ်ခြင်းများလည်း ဆောင်ရွက်ထားတာရှိပါတယ်။ ၄င်း ၂၁ ချက်ကို ရှင်းပြရရင် -

(၁) တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်ပါရှိရမည်။

(၂) တိုင်းဒေသကြီး/ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲ့ ထောက်ခံချက်ပါရှိရမည်။

(၃) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ လုပ်ငန်းခွင်အတွင်းရှိ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာများနှင့် မြို့နယ်ခွဲ အင်ဂျင်နီယာများမှ မှန်ကန်ကြောင်း ထောက်ခံချက်များ ပါရှိရမည်။

(၄) လုပ်ငန်းပိုင်းနှင့် ပတ်သက်၍ ငွေရေးကြေးရေးအထောက်အထားများ ဖော်ပြရမည်။

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(ခ) ဒါရိုက်တာစာရင်း၊

(ဂ) အစုရှယ်ယာစာရင်း၊

(ဃ) ဘဏ်စုဆောင်းငွေ၊

(င) မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုနှင့် တန်ဖိုး၊

(စ) ဆောင်ရွက်လျက်ရှိသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါတယ်။

(၅) ကုမ္ပဏီရဲ့သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းများပါရမှာဖြစ်ပါတယ်။

(၆) လမ်းတံတားလုပ်ငန်းနှင့် ဆက်စပ်နေသော လက်ရှိစက်၊ ယာဉ်၊ ယန္တရားစာရင်း တင်ပြရမှာဖြစ်ပါတယ်။

(၇) ကျောက်၊ သဲ၊ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းစုဆောင်းထားရှိမှု တင်ပြရမှာဖြစ်ပါတယ်။

(၈) လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် လက်ရှိလမ်းတံတားအင်ဂျင်နီယာအင်အား၊ ကျွမ်းကျင် ဝန်ထမ်းနှင့်လုပ်သားအင်အား စုဆောင်းထားရှိမှုနှင့် ဖွဲ့စည်းထားရှိမှုကို တင်ပြရမှာ ဖြစ်ပါတယ်။

(၉) B.O.T စနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံလိုသည့်လမ်းအပိုင်းရဲ့ မိုင်တိုင်ဘယ်လောက်မှ မိုင်တိုင်ဘယ်လောက်ထိ ဖော်ပြရမှာဖြစ်ပါတယ်။

(၁၀) လမ်းတံတားအသုံးပြုခကောက်ခံမည့် စခန်းနေရာများ တိုးဂိတ်များကို မြေပုံနဲ့ ဖော်ပြရပါမယ်။ ၎င်းစခန်းတည်ဆောက်သည့်အခါတွင် တန်ချိန်ကတ္တားတပ်ဆင်ဆောင်ရွက်မည့် အကြောင်းလည်းပါရမှာ ဖြစ်ပါတယ်။

(၁၁) လမ်းတံတားအသုံးပြုခကောက်ခံသည့် နှုန်းထားများအား ဌာနသတ်မှတ်ပေးထားသော နှုန်းထားအတိုင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

(၁၂) အုပ်ချုပ်ရေးမှူးရုံးများ ဖွင့်မည့်နေရာ၊ လမ်းပြုပြင်ရေးစခန်းချမည့်နေရာ၊ ကျောက်ထုတ်စခန်းများ ဆောင်ရွက်မည့်နေရာ၊ မည်သည့်နေရာတွင် ကျောက်ခွဲစက်နှင့် ကျောက်ကျင်းပြုလုပ်မည့်နေရာများကို မြေပုံနှင့်ပြီးပြည့်စုံစွာ တင်ပြရမှာဖြစ်ပါတယ်။

(၁၃) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ခွင့်ပြုချက်ရပြီးခုနှစ်ရက်အတွင်း လုပ်ငန်းခွင်ကိုစတင်ဝင်ရောက်မှာဖြစ်ပြီး နှစ်ပါတ်အတွင်း ကုမ္ပဏီဆိုင်းဘုတ်ထူထောင်ရမှာဖြစ်ပါတယ်။

(၁၄) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ ခွင့်ပြုချက်ရပြီး သုံးလအတွင်းမှာ B.O.T အဆိုပြုလွှာ သက်ဆိုင်ရာသို့အဆင့်ဆင့်တင်ပြနိုင်ရေး ဆောင်ရွက်သွားရမှာ ဖြစ်ပါ တယ်။

(၁၅) B.O.T ယူပြီး လုပ်ငန်းဆောင်ရွက်မှု အားနည်းမှုရှိပါက လမ်းကိုဘုတ်အဖွဲ့နှင့် စစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ကောင်းအောင်လုပ်ရန်နှင့် ကောင်းအောင်မလုပ်နိုင်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး လမ်းကိုပြန်လည်သိမ်းပါမည်။နောက်သက်ဆိုင်ရာ နယ်မြေဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ ဆက်လက်တာဝန်ပေးရန် မသင့် ကြောင်း အကြောင်းကြားလာပါက ၎င်းလမ်းအား ဘုတ်အဖွဲ့နှင့် စစ်ဆေးပြီး ပြန်လည်သိမ်းပစ်ပါမည်။ ၎င်းကဲ့သို့ဆောင်ရွက်ပြီးနောက် အသစ်ဆောင်ရွက်မည့် အသစ်ကုမ္ပဏီအား ထပ်မံပြီး ချမှတ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(၁၆) တာဝန်ယူထားသောလမ်းပိုင်းမိုင်သည် ရှည်နေပြီး လုပ်ငန်းလုပ်ရာတွင် မနိုင်မနင်းအခက်အခဲဖြစ်ပါက ၎င်းလမ်းအပိုင်းအား ပြန်လည်အပ်နှံပြီး ထပ်မံပိုင်းခြားကာ အခြားကုမ္ပဏီသို့ လုပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။

(၁၇) လအလိုက် လုပ်ငန်းဆောင်ရွက်မည့် စီမံချက်များတင်ပြရမည်။

(၁၈) လအလိုက် လုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းပြီးစီးမှုတင်ပြရမည်။

(၁၉) လအလိုက် ပစ္စည်းစုဆောင်းမှု၊ သုံးစွဲမှုနှင့်လက်ကျန်များကို ဖော်ပြရမည်။ ဥပမာ-ကျောက်၊ သဲအမျိုးအစားအလိုက် ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းဖြစ်ပါတယ်။

(၂၀) လအလိုက် စက်ယာဉ်ယန္တရားရောက်ရှိသုံးစွဲမှုကို တင်ပြရမည်။

(၂၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထူးတာဝန်ပေးအပ်ထားသော အင်ဂျင်နီယာချုပ်များ၊ B.O.T လမ်းတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ လုပ်ငန်းခွင်အတွင်းရှိ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာများနှင့် မြို့နယ်ခွဲအင်ဂျင်နီယာများမှ လုပ်ငန်းခွင်စစ်ဆေးခြင်း၊ အကြံပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လက်ခံရမည်။ အခက်အခဲများကို တင်ပြရမည်ဆိုပြီးတော့ အချက် ၂၁ ချက်နှင့် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီ ၂၁ ချက်နှင့်ပတ်သက်လို့ ဖြည့်စွက်တင်ပြရရင် ယခင်က အပိုဒ် ၁ မှာ ယခုတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟာ ကစထမှူးများဖြစ်ပါတယ်။ အချက်နံပါတ်(၂)ရဲ့ လက်ရှိလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဟာ ယခင်က တိုင်းမှူးများဖြစ်ပါတယ်။ ယခု B.O.T စနစ်နှင့် ပေးထားသောလမ်းပိုင်းအားလုံးသည် ယခင်က ကစထမှူး၊ တိုင်းမှူးများ သဘောတူမှပေးရန်ဖြစ်ပါတယ်။ ယခုလည်း B.O.T လမ်းပိုင်းများပေးတာသည် ဝန်ကြီးဌာနသဘောတူညီချက်ပေးတာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဒေသမှာရှိတဲ့ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများမှ လက်ခံမှသာလျှင် B.O.T စနစ်ပေးကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အတွင်း တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများမှ B.O.T စနစ်နှင့် ဆောင်ရွက်လျက်ရှိတဲ့ လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားစိစစ်ရေးအဖွဲ့ ၁၉ ဖွဲ့နဲ့ စိစစ်ကြပ်မတ်လျက်ရှိပါတယ်။ စိစစ်မှုအစီရင်ခံစာကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရန် သက်ဆိုင်ရာကုမ္ပဏီအဖွဲ့များသို့ တွေ့ဆုံညှိနှိုင်းပြီး သတိပေးခြင်း၊ အပြစ်ပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသောလမ်းပိုင်းတွင် လမ်းအသုံးပြုခကောက်ခံရေးစခန်းအား ဖွင့်လှစ်ပြီး လမ်း-တံတား အသုံးပြုခများကို သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံခွင့်ပြုထားပါတယ်။ လမ်း-တံတားအသုံးပြုခများကို သတ်မှတ်ထားတဲ့နှုန်းထားထက် ပိုကောက်ပါက ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊

ပြည်နယ်အစိုးရသို့တိုင်ကြားရမှာဖြစ်ပါတယ်။ ပိုမိုကောက်ခံကြောင်း စစ်ဆေးတွေ့ရှိပါက လမ်းအသုံးပြုခ ကောက်ခံခြင်းကို ပထမဦးစွာတစ်လပိတ်သိမ်းခြင်းနဲ့ ထပ်မံပြီးစည်းကမ်းဖောက်ဖျက်ပါက လမ်းအသုံး ပြုခကောက်ခံခွင့်ကို ရုပ်သိမ်းခြင်းအထိ အရေးယူအပြစ်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ B.O.T စနစ်နဲ့ဆောင်ရွက်လျက်ရှိသောလမ်းအပိုင်းများနဲ့ပတ်သက်ပြီး တိုင်းရင်းသား လုပ်ငန်းရှင်ကုမ္ပဏီများအား လမ်းချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းတံတားတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်နှင့် လမ်းအဆင့်မြှင့်တင်လုပ်ငန်းများ ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တွန်းအားပေး၊ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄) အားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) ကတော့ စစ်ကိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရဲ့ ပြည်သူ့ လွှတ်တော်အစည်းအဝေးကို မေးမြန်းထားသော မော်လိုက်မြို့နှင့် ကလေးမြို့သို့ ဆက်သွယ်ထားသော ကားလမ်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီသွားလာနိုင်သော ကတ္တရာလမ်းဖောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းအားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးဝ-မော်လိုက်လမ်းဟာ မိုင်အားဖြင့် ၃၆ မိုင်ရှည်လျားပါတယ်။ စစ်ကိုင်းဒေသကြီးအတွင်း မော်လိုက်မြို့နဲ့ ကလေးဝမြို့ကို ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းရှိ ကျေးရွာများ နှင့်လည်း ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။

ကလေးဝ-မော်လိုက်လမ်းဟာ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးရန်ပုံငွေဖြင့် အမှတ်(၉၁၆) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဖောက်လုပ်ပေးတဲ့လမ်းဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျမှ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးရန်ပုံငွေဖြင့်လည်း ဆက်လက်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ ဒီကလေးဝ-မော်လိုက်လမ်းဟာ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အမှတ်(၉၁၆)စစ်မြေပြင် အင်ဂျင်နီယာတပ်ကနေပြီးတော့ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ယခု ၂၀၁၀ ခုနှစ်၊ မတ်လကျမှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းခြင်းခံရတာဖြစ်ပါတယ်။ ယခင်က တစ်ခြား ဝန်ကြီးဌာနများက ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ နောက်ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးတဲ့အချိန်မှာ ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေကိုတင်ပြရရင် ကတ္တရာလမ်းက ၄ ဖာလုံ၊ ကျောက်လမ်းက ၃၅ မိုင်နဲ့ ၄ ဖာလုံ စုစုပေါင်း ၃၆ မိုင်ဖြစ်ပါတယ်။

ကလေး၀-မော်လိုက်လမ်းဟာ ချင်းတွင်းမြစ်အနီးမှာရှိပြီး ချောင်း၊ မြောင်းပေါတဲ့အတွက် ရေပြွန်၊ ရေကျော်များ ပေ ၁၈၀ အထက်တံတားများ စုစုပေါင်း ၁၅၇ စင်းရှိပါတယ်။ တံတားအမျိုးအစားမှာ ရေပြွန် ထုတ်၊ ရေကျော် ၈၉ စင်း၊ ၅၀ ပေအောက်တံတားက ၄၅ စင်း၊ ၅၀ ပေမှ ၁၀၀ ပေအထိ တံတားက ၁၃ စင်း၊ ၁၀၀ ပေမှ ၁၈၀ ပေအထိ ရှိသောတံတားက ၉ စင်း၊ ၁၈၀ ပေအထက်တံတားက ၁ စင်း စုစုပေါင်း ၁၅၇ စင်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ အောက်ပါလုပ်ငန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မော်လိုက်ခရိုင်အင်ဂျင်နီယာမှူးအဖွဲ့နှင့် မော်လိုက်မြို့နယ် အင်ဂျင်နီယာအဖွဲ့၊ ကလေး ခရိုင်အင်ဂျင်နီယာမှူးအဖွဲ့နှင့် ကလေးဝမြို့နယ်၊ အင်ဂျင်နီယာအဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလုပ်ငန်းအပိုင်းကတော့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၃၆ မိုင်၊ ကျောက်လမ်းခင်းခြင်းက ၂ မိုင်၊ ကျောက်ရောမြေခင်းကြိတ်ခြင်းက ၂ မိုင်၊ ၅၀ ပေအောက်သစ်သားတံတား များပြုပြင်ခြင်းက ၉ စင်း၊ ၅၀ ပေအထက် သစ်သားတံတား အသစ်တည်ဆောက်ခြင်းက ၃ စင်း၊ ၅၀ ပေမှ ၁၀၀ ပေအောက် သစ်သားတံတားများပြုပြင်ခြင်းက ၄ စင်း၊ ၁၀၀ ပေမှ ၁၈၀ ပေအောက်တံတား ပြုပြင်ခြင်းက ၃ စင်းဖြစ်ပါတယ်။ ကလေး၀-မော်လိုက်လမ်းဟာ တောင်ပေါ်လမ်းဖြစ်တဲ့အတွက် မိုးတွင်းအခါမှာ တောင်ပြိုခြင်း၊ လမ်းပိတ်ဆို့ခြင်းရှိနေပါတယ်။ နေရာအချို့တွင် လမ်းသားအကျယ်ချဲ့ပေးရန်နှင့် တောင်အတက်အဆင်း မတ်စောက်သောအပိုင်းများမှ အဆင်းအတက်ပြေပြစ်ရန်အတွက် လမ်းသား များ နိမ့်ချပေးရန်လိုအပ်နေပါတယ်။ လက်ရှိလမ်းပေါ်ရှိတံတားများမှာလည်း သစ်သားအမျိုးအစား များဖြင့် တည်ဆောက်ထားတဲ့အတွက် သစ်သားတံတားအများစုဖြစ်နေတဲ့အတွက် ၁၃ တန်အထက် ယာဉ်များသွားလာနိုင်ရန် တံတားများ အဆင့်မြှင့်တင်ရန်လည်းလိုအပ်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန ကလေး၀-မော်လိုက် ကားလမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရန် လောလောဆယ်ဆယ်အစီအစဉ်မရှိသေးပါ။ ရာသီမရွေး သွားလာနိုင်တဲ့လမ်းဖြစ်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လမ်းတံတားပြုပြင် ထိန်းသိမ်းခြင်းရန်ပုံငွေများ တောင်းခံပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ မော်လိုက်ဒေသတွင် လမ်း-တံတားများတိုးမြှင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် ယခင်က မော်လိုက်မြို့နယ်၊ အင်ဂျင်နီယာရုံးသာ ရှိခဲ့ရာက ယခုမော်လိုက်ခရိုင် အင်ဂျင်နီယာမှူးရုံးကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင်နိုင်ငံတော်မှ ဖွဲ့စည်းပုံချပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၁ခုနှစ်၊ဇူလိုင်လ(၁၁)ရက်နေ့မှာ မော်လိုက်မြို့မှာ မော်လိုက်ခရိုင်အင်ဂျင်နီယာမှူးရုံးကိုဖွင့်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မော်လိုက်ခရိုင်အင်ဂျင်နီယာ မှူးရုံးအား ဖွဲ့စည်းခွင့်ရပြီဖြစ်တဲ့အတွက် မော်လိုက်ဒေသရှိလမ်းတံတားများသည် ယခုထက်ပိုမို

တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးမေးခွန်းနံပါတ်(၅) အားရှင်လင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၅)ကလည်း မော်လိုက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအနေနဲ့မေးတာ ဖြစ်ပါတယ်။ မော်လိုက်မြို့၊ မြို့ပတ်လမ်းနှင့် ကမ်းနားလမ်းအပါအဝင် ၄ မိုင်ခန့်ကို ကတ္တရာစေးလမ်း သို့မဟုတ် ဘိလပ်မြေကွန်ကရစ်လမ်း ခင်းပေးနိုင်ခြင်းရှိမရှိ မေးခွန်းအားဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မော်လိုက်မြို့၊ မြို့ပတ်လမ်းဟာ ၅၇၃၄ ပေရှိပါတယ်။ လမ်းအမျိုးအစားကတော့ ချောင်းကျောက်စရစ်ခင်း အမာခံလမ်း ဖြစ်ပါတယ်။ မြို့ပတ်လမ်းရဲ့ အစိတ်အပိုင်းကတော့ ၁၀၆၀ ပေ အရှည်ရှိပါတယ်။ လမ်းအမျိုးအစား ကတော့ အမာခံလမ်းအဆင့်ဖြစ်ပါတယ်။ မော်လိုက်မြို့အတွင်းမှာရှိတဲ့ ကမ်းနားလမ်းဟာ ၇၀၃၀ ပေ အရှည်ရှိသောလမ်းဖြစ် ပါတယ်။ ကတ္တရာလမ်းဟာ ၂၁၅၀ ပေရှိပါတယ်။ ကွန်ကရစ်လမ်း ၁၂၈၀ ပေ ရှိပါတယ်။ မြေသားလမ်း ၃၆၀၀ ပေရှိပါတယ်။ စုစုပေါင်း ၇၀၃၀ ပေဖြစ်ပါတယ်။ မော်လိုက်မြို့၊ မြို့ပတ်လမ်းနဲ့ အနောက်ကမ်းနားလမ်း အပါအဝင်ပေါင်းလိုက်ရင်း စုစုပေါင်း ၂ မိုင်နဲ့ ၅ ဖာလုံခန့် ရှည်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လိုက်မြို့၊ မြို့ပတ်လမ်းနဲ့ အနောက်ကမ်းနားလမ်း တို့ဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မော်လိုက်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့လမ်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကတ္တရာ လမ်းနဲ့ ကွန်ကရစ်လမ်းခင်းခြင်းတို့အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၆) အားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)က တော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးက မေးထားသောမေးခွန်းဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ နတ်တလင်း-တာပွန်လမ်း ၈ မိုင်၊ ၆ ဖာလုံခွဲ ဂဝံလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို သိရှိလိုတဲ့မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ နတ်တလင်းမြို့နဲ့ တာပွန်ရွာ ကို ဆက်သွယ်ထားတဲ့လမ်းဟာ ၁၀ မိုင်ရှိပါတယ်။ နတ်တလင်း-တာပွန်လမ်းပိုင်းဟာ နတ်တလင်း-မယင်းငယ်-မိုးညို-ထိန်တော-တော်လသလမ်းပေါ်မှာတည်ရှိတာဖြစ်ပါတယ်။ မိုင်တိုင် ၀/၀ မှ မိုင်တိုင် ၁ မိုင်နဲ့ ၁ ဖာလုံခွဲ၊ လမ်းအရှည် ၁မိုင်၊ ၁ ဖာလုံခွဲကို နတ်တလင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၁ မိုင်နဲ့ ၁ ဖာလုံခွဲမှနေပြီးတော့ ၁၀ မိုင်အထိ လမ်းမိုင်အရှည် ၈

မိုင်နဲ့ ၆ ဖာလုံခွဲကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေကတော့ အမာခံလမ်း ၈ မိုင်နဲ့ ၆ ဖာလုံခွဲ ဖြစ်ပါတယ်။ နတ်တလင်း-တာပွန်လမ်းဟာ သာယာဝတီခရိုင်၊ ဒီစတြိတ်ကောင်စီအဖွဲ့ကနေ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နတ်တလင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထိန်းသိမ်းခဲ့တဲ့လမ်းဖြစ်ပါတယ်။ ၂၅-၇-၂၀၀၈ ခုနှစ်ကစပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် အင်ဂျင်နီယာအဖွဲ့ကနေတာဝန်ယူ ထိန်းသိမ်းရတာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာခွဲဝေရရှိတဲ့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သာယာဝတီခရိုင် အင်ဂျင်နီယာမှူးကြီးအဖွဲ့နဲ့ နတ်တလင်းမြို့နယ်၊ အင်ဂျင်နီယာအဖွဲ့မှ အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၈ မိုင်နဲ့ ၆ ဖာလုံခွဲ၊ ပျက်စီးနေသောဂဝံလမ်းအပိုင်းအား ဂဝံထပ်ပိုးလွှာတင်ခြင်းနဲ့ အမာခံလမ်းခင်းခြင်းက ၅ မိုင်၊ တံတားအမှတ် ၁/၆၀၊ တံတားအမှတ် ၃/၆၀၊ တံတားအမှတ် ၁/၆၈ သစ်သားတံတားများကို ကြက်မကြမ်းခင်းဘီးလမ်းများ လဲခြင်းက ၃ စင်းတို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ နတ်တလင်း-တာပွန်လမ်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများတောင်းခံပြီး လမ်း-တံတားတိုးတက်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကအသစ်ဖွဲ့စည်းခဲ့တဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးအား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြည်ထဲရေးဝန်ကြီးဌာနက Source Industry ခေါ် Mother Industry များတည်ဆောက်ပြီးတော့ အမျိုးသားစက်မှုဖွံ့ဖြိုးရေး National Industry Development အခြေအနေများကို မည်သို့ဖန်တီးမည်။ National Industry Complex များ မည်သို့တည်ဆောက်မည်၊ အများပြည်သူများအတွက်စက်မှုဖွံ့ဖြိုးရန် မည်သို့ဆောင်ရွက်မည်။ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍကိုမည်သို့ပါဝင်စေမည် စတဲ့လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်း

ဖြေကြားသည့်အတွက် ပြည်သူများကိုယ်စား အားတက်အားရကျေနပ်မိကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ National Industry Complex များတည်ဆောက်ကြရာမှာ လူအား၊ ငွေအား၊ ရင်းနှီး စိုက်ထုတ်မှု၊ မြှုပ်နှံမှုများ များစွာလိုအပ်မှာဖြစ်ပါတယ်။ အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ကျော်လွှားကြရမှာဧကန်မလွဲဖြစ်ပါတယ်။ ဥပမာ - လေယာဉ်ထုတ်လုပ်မယ်ဆိုရင် အင်ဒိုနီးရှားနိုင်ငံရဲ့ လေယာဉ်ထုတ်လုပ်ပြီးတွေ့ကြုံနေရတဲ့ပြဿနာများအပေါ်မှာ လေ့လာသင့်ကြောင်း ထင်မြင်မိပါတယ်။ အဲဒီလို အခက်အခဲစိန်ခေါ်မှုများထဲက အောက်ပါမေးခွန်းသုံးခုကို မေးလိုပါတယ် ခင်ဗျား။

ပထမမေးခွန်းကတော့ National Industry Complex များက ထုတ်လုပ်မယ့် ကုန်ပစ္စည်းများရဲ့ ဈေးကွက်အခြေအနေနဲ့ ရောင်းချရမယ့်အနေအထားကို မည်ကဲ့သို့စဉ်းစားထားကြောင်းသိလိုပါတယ်။ ဒုတိယမေးခွန်းကတော့ ဈေးကွက်စီးပွားရေးရဲ့ သဘောတရားများအရ နိုင်ငံတော်ပိုင်စက်ရုံကြီးများ State Own Enterprise (SOE) ကိုလျှော့ချနေတဲ့ အခြေအနေမှာ ယင်းမဟာဗျူဟာနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို သိလိုပါတယ်။ တတိယမေးခွန်းကတော့ National Abiation and Aerospace Industry Complex များက ထုတ်လုပ်မယ့်လေယာဉ်၊ ရဟတ်ယာဉ်များကဲ့သို့သော ယာဉ်များအတွက် Certification ကို မည်ကဲ့သို့ စဉ်းစားထားကြောင်း သိလိုပါတယ်ခင်ဗျား။အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီးဌာန၊စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်းကောင်းတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးဖြစ်ပါတယ်။ အခုပဲခူးတိုင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ကမေးမြန်းခဲ့တဲ့ မေးခွန်းသုံးခုနဲ့ပတ်သက်ပြီးတော့ မေးခွန်းတစ်ခုချင်း ကျွန်တော့်အနေနဲ့ တတ်နိုင်သမျှ အချိန်တိုတွင်းမှာ ပြီးပြည့်စုံအောင်ပဲ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီတော့ မေးခွန်းနံပါတ် (၁) ကတော့ National Industry Complex များမှ ထုတ်လုပ်တဲ့ကုန်ပစ္စည်းများရဲ့ဈေးကွက်အခြေအနေနဲ့ ရောင်းချမယ့်အနေအထားကို မည်သို့စဉ်းစားထားပါသလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားတဲ့အခါမှာ တိုက်ရိုက်ဖြေကြားခြင်းအား

ဖြင့်တော့ နားလည်နိုင်ဖို့ခက်ခဲတဲ့အတွက်ကြောင့် ဒါကိုယ့်နိုင်ငံရဲ့ ဒီကနေ့ Conditions နောက်တစ်ခါ ကိုယ့်ပတ်ဝန်းကျင်ရဲ့ Environment Conditions နောက်ကိုယ်လက်ရှိ တွေ့ကြုံနေရတဲ့ အတွေ့အကြုံ ရဲ့ ဒီပေါ်မှာဖြေရှင်းမယ့် လုပ်ငန်းစဉ်ဒီလေးချက်ပေါ်ချုံငုံပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင် ပြောင်းလဲမှုများကို အရှိန်အဟုန်နဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးစနစ်မှာလည်း ကောင်းမွန် တဲ့အုပ်ချုပ်မှုစနစ် Good Govrnance နဲ့ သန့်ရှင်းသောအစိုးရ Clean Government ကို ဦးတည်ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးစနစ်မှာလည်း ပွင့်လင်းမြင်သာမှုရှိတဲ့ ပုဂ္ဂလိက စီးပွားရေးကို အခြေပြုတဲ့ဈေးကွက်စီးပွားရေးစနစ်ဆီကို ဦးတည်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီမျက်မှောက်ဒေသတွင်းအခြေအနေကို သုံးသပ်မယ်ဆိုရင် ၂၀၁၅ ခုနှစ်မှာ အာဆီယံ လွတ်လပ်သော ဈေးကွက်လို့ခေါ်တဲ Asean Free Trate Area (AFTA) ကို ဖော်ဆောင်ရေးဟာ ဒီသဏ္ဍာရာဇ် ၂၀၀၃ လောက်ကတည်းကစပြီးတော့ အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့ Asean Concord- 2 ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် မလွှဲမရှောင်သာရင်ဆိုင်ရမယ့် စိန်ခေါ်မှုတစ်ခုအနေနဲ့ ဖြစ်တည်နေတယ်ဆိုတာ သုံးသပ်ရမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံရဲ့နိုင်ငံရေး ပြောင်းလဲမှုနဲ့ စီးပွားရေးတံခါးဖွင့်ဝါဒဖြစ်စဉ်များနဲ့ လိုက်လျောညီစွာဖြစ်ထွန်းလာမယ့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများကို အခြေပြုပြီးတော့ မိမိနိုင်ငံရဲ့စီးပွားရေးဘဝကို အလုံးအရင်းနဲ့ဝင်ရောက် ဖို့တာစူနေတဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ နိုင်ငံရေးကန့်သတ်ချက်များကြောင့် ဗမာနိုင်ငံရဲ့ဈေးကွက်အခြေ အနေကောင်းတွေကို ကာလတာရှည်စွာစောင့်ဆိုင်းနေခဲ့တဲ့ ဂျပန်နိုင်ငံနဲ့ အီးယူနိုင်ငံတွေရဲ့ စီးပွားရေးနဲ့ ဈေးကွက်ပြိုင်ဆိုင်မှု အလားအလာများနှင့်စိန်ခေါ်မှုများကို ကျွန်တော်တို့ ရှုမြင်သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစိန်ခေါ်မှုတွေဟာ မိမိနိုင်ငံရဲ့ စီပွားရေးဘဝ အတွက် ခြိမ်းခြောက်မှု Treat တစ်ရပ်ဖြစ်သလို အခွင့်အလမ်းကောင်း Opportunity တစ်ရပ် ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုသုံးသပ်တဲ့အခါမှာ အဆုံးအဖြတ် ပေးနိုင်မယ့် အဓိက Decisive Factor က ဘာတုန်းလို့ကျွန်တော်တို့ ကြည့်ဖို့လိုပါတယ်။ အဲဒီအခါမှာ Decisive Factor ကဗမာနိုင်ငံရဲ့ယှဉ်ပြိုင်နိုင်စွမ်းဖြစ်တယ်ဆိုတာကို သုံးသပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ယှဉ်ပြိုင်နိုင် စွမ်းကို စနစ်ပြောင်းလဲမှု System Change တစ်ခုတည်းနဲ့ ဆောင်ရွက်လို့ရသလားလို့ သုံးသပ်ဖို့ လိုပါတယ်။ သိသာတဲ့အဖြေတစ်ခုကတော့ စနစ်ပြောင်းလဲယုံနဲ့တော့ ကျွန်တော် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမှာ မဟုတ်ပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုရင် Capacity Building သို့မဟုတ် တစ်နည်းအားဖြင့် Nation Building နည်းလမ်းကို တည်ဆောက်ရမယ်ဆိုတဲ့အခါမှာ

ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ နိုင်ငံတကာအတွေ့အကြုံများအရ ထင်ရှားစွာရှုမြင်သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် National Industry Complex ရဲ့ အဓိကရည်ရွယ်ချက်ကိုပြောမယ်ဆိုရင် Capacity Building သို့မဟုတ် Nation Building တည်ဆောက်ခြင်းပဲဖြစ်ပါတယ်။ ဒီစက်ရုံများဟာ နည်းပညာဖွံ့ဖြိုးမှုနောက်ကျနေပြီးတော့ ငွေကြေးအရင်းအနှီး၊ စက်အရင်းအနှီးတွေအတွက် လမ်းစပျောက်နေတဲ့ ပုဂ္ဂလိကပိုင်နဲ့အများပိုင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးရန်အတွက် အဓိကရည်ရွယ်ထားခြင်းပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဗမာနိုင်ငံကို စက်မှုနိုင်ငံအဖြစ်တက်လှမ်းနိုင်ရေးမှာ အဟန့်အတားဖြစ်နေတဲ့ နည်းပညာဖွံ့ဖြိုးမှုလိုအပ်ချက် စက်ရုံအရင်းအနှီးလိုအပ်ချက် စွမ်းအင်လိုအပ်ချက်နဲ့ စက်မှုကုန်ကြမ်းလိုအပ်ချက်တွေကို ဖြည့်ဆည်းဖြေရှင်းပေးဖို့အတွက် ရည်ရွယ်ခြင်းပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တစ်မျိုးသားလုံးရဲ့ စက်မှုကုန်ထုတ်လုပ်ရေးနဲ့ စက်မှုနိုင်ငံဖြစ်ထွန်းရေးလမ်းကြောင်းဆီကို ဦးတည်ပြီးတော့ ဒီကနေတစ်ဆင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ထွန်းရေးကို ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ တစ်ဖက်မှာလည်း မိမိနိုင်ငံရဲ့အခွင့်အလမ်းနည်းပါးမှုကြောင့် လူမှုဘဝကိုစွန့်လွှတ်အနစ်နာခံပြီးတော့ တခြားနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်နေကြတဲ့ အင်ဂျင်နီယာတွေ၊ အတတ်ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ၊ စီမံခန့်ခွဲသူတွေ၊ ကျွမ်းကျင်လုပ်သားတွေနဲ့ သာမန်လုပ်သားတွေပါဝင်တဲ့ လူတန်းစားအားလုံးအတွက် မိမိနိုင်ငံမှာကြီးမားကျယ်ပြန့်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေကာ အိုးမကွာ၊ အိမ်မကွာအလုပ်လုပ်နိုင်တဲ့ အခွင့်အလမ်း၊ မိမိနိုင်ငံအတွက် အလုပ်လုပ်နိုင်တဲ့ အခွင့်အရေး၊ မိမိနိုင်ငံရဲ့ သဘာဝသယံဇာတများကို ပြည်ပနိုင်ငံအားကိုးစရာမလိုဘဲနဲ့ မိမိရဲ့အစွမ်းနဲ့ဖော်ထုတ်သုံးစွဲနိုင်ရေး၊ အတ္တပရအကျိုးကျေးဇူးနှစ်ရပ်စလုံးရရှိကာ နိုင်ငံနဲ့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့လူမှုဖွံ့ဖြိုးတိုးတက်ရေးကို အန္တိမရည်မှန်းချက်အဖြစ်ထားရှိကာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နံပါတ်နှစ်ကတော့ တစ်ဆက်တစ်စပ်တည်းပဲဖြစ်ပါတယ်။ မေးခွန်းအမှတ်စဉ်(၂)ကဈေးကွက်စီးပွားရေးရဲ့သဘောတရားအရ နိုင်ငံပိုင်စက်ရုံများ(SOE) State Own Enterprises များကိုပင်လျှော့ချနေရတဲ့အခြေအနေမှာ ဒီမဟာဗျူဟာနဲ့ ကိုက်ညီမှုရှိပါသလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ National Industry Complex က ထုတ်လုပ်မဲ့ဟာက အကြိမ်ကြိမ်ပြောပြီးတဲ့အတိုင်းပဲ Capital Good Production ဖြစ်ပါတယ်။ ပစ္စည်းထုတ်မှာမဟုတ်ပါဘူး။ စက်ရုံကို ထုတ်မှာဖြစ်ပါတယ်။ အဲ့ဒီတော့ Consumer Good Production မဟုတ်တဲ့အတွက်ကြောင့် ဈေးကွက်အခြေကိုစဉ်းစားတဲ့ သဘာဝချင်းတူညီမှုမရှိ ပါဘူး။ ဒီဈေးကွက်အခြေအနေနဲ့ရောင်းချမယ့်

အနေအထားကိုတော့ ဒီ Capitial Goods Production ရရှိပြီးတဲ့အခါမှာ Consumer Goods Production ကို ထပ်ဆင့်ထုတ်လုပ်မယ့် ပုဂ္ဂလိကကဏ္ဍနဲ့ တစ်ဦးချင်းကစဉ်းစားရမယ့်ကိစ္စရပ်ဖြစ်ပါတယ်။ ဒီကနေ့ ဈေးကွက်စီးပွားရေး သဘောတရားအရ လျှော့ချနေတဲ့နိုင်ငံပိုင်စက်ရုံတွေဟာ Capital Goods Production တစ်ခုမှ မပါပါဘူး။ Consumer Goods Industry တွေသာဖြစ်ပါတယ်။ Consumer Goods Industry တွေထဲမှာမှ အင်မတန်မှပေါ့ပါးပြီးတော့ လူတကာထုတ်လုပ်နိုင်တဲ့ Light Indursty တွေပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီစက်မှုနိုင်ငံတွေကို ကျွန်တော်တို့သုံးသပ်မယ်ဆိုလို့ရှိရင် Capital Goods Industry တွေဟာ ဒီနိုင်ငံရဲ့ အဓိကမောင်းနှင်အားများဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံပိုင်ကဏ္ဍလက်အောက်စက်ရုံများမှာ Capitical Goods Indurstry ရယ်လို့ ပီပီပြင်ပြင်ဖြစ်ထွန်းတဲ့စက်ရုံဆိုလို့ တစ်ရုံမှမရှိသေးပါဘူး။ လက်ရှိနိုင်ငံပိုင်စက်ရုံများမှာ Capital Goods Indurstry သဘာဝနဲ့ အနည်းငယ်နီးစပ်တဲ့စက်ရုံများကိုပင်လျှင် လောလောဆယ်မှာတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့ သင့်လျော်မှုမရှိသေးကြောင်းသုံးသပ်နိုင်ပါတယ်။ မိမိနိုင်ငံရဲ့နည်းပညာ၊ စက်မှုအတွေ့အကြုံနဲ့အရင်းအနှီးဆိုင်ရာ ပကတိအနေအထားများအရ ဒီ MNC တွေပေါ်ထွန်းဖို့လည်း အလွန်တရာကွာဝေးလျက်ရှိသေးတဲ့ အနေအထားဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကြည့်မယ်ဆိုရင် တော့ ဒီ Capital Goods Indurstry တွေကိုအစိုးရပိုင် ဒါမှမဟုတ် Multi-National Corporation ခေါ်တဲ့ MNC များကသာ ထုတ်လုပ်ကြောင်းတွေ့ရှိရတာဖြစ်ပါတယ်။ ဥပမာ- တရုတ်နိုင်ငံမှာဆိုရင် Capital Goods Indurstry အားလုံးကိုအစိုးရပိုင်းက ထုတ်လုပ်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဒီ Capital Goods Indurstry ကို Misubishi, Misubi, Misushiter ခေါ်တဲ့ MNC များက ထုတ်လုပ်တာဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာဆိုရင် Hundi, Daewoo, Sansung ဆိုတဲ့ MNC တွေက ထုတ်လုပ်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအနေအထားတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဒီလို Multi National Corporation တွေ ဖြစ်ထွန်းဖို့ အလားအလာဝေးကွာလျက်ရှိသေးတဲ့အတွက်ကြောင့် နိုင်ငံတော်ကသာလျှင်တာဝန်ယူဆောင်ရွက်ရမယ့် အခြေအနေဖြစ်ပါတယ်။ ဒီနေရာမှာ ငွေကြေးအရင်းအနှီးတစ်ခုတည်းနဲ့လုံလောက်တာမဟုတ်ဘဲနဲ့ နည်းပညာနဲ့အတွေ့အကြုံများစွာ လုံလောက်တာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ နည်းပညာနဲ့အတွေ့အကြုံလုံလောက်မှုရှိတဲ့ ဌာနကိုတာဝန်ပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်ဈေးကွက်စီးပွားရေး သဘောတရားများနှင့်အညီကျင့်သုံးလျက်ရှိတဲ့ SOE များလျှော့ချတဲ့ အခြေအနေမှာ ဒီမဟာဗျူဟာနဲ့ ကိုက်ညီမှုရှိပါသလားဆိုတဲ့အပိုင်းကို ဒီမဟာဗျူဟာနဲ့တော့ ဆန့်ကျင်မှုမရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ National Aviation and Aerospace Industry Complex များမှထုတ်လုပ်တဲ့ လေယာဥ်၊ ရဟတ်ယာဥ်များကို Certification ဘယ်လိုစဥ်းစားပါသလဲ။ ဒါတွေထုတ်လုပ်ဖို့ ခုနက အင်ဒိုနီးရှားနိုင်ငံကဲ့သို့သော ဖြစ်ရပ်မျိုးကို ဘယ်လိုရှောင်ရှား မလဲဆိုတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။ အဲဒီတော့ National Aviation and Aerospace Industry Complex တည်ထောင်ရေးဟာ မြန်မာနိုင်ငံရဲ့အနာဂတ် Capacity Building ကို ရည်မှန်းတည်ဆောက်ခြင်း ဖြစ်ပါတယ်။ Aviation and Aerospace Industry Complex ရဲ့လုပ်ငန်းသဘောသဘာဝအရ နှစ်ပေါင်း ၅၀ လောက် အချိန်ယူတည်ဆောက်ရတာကို နိုင်ငံတကာအတွေ့အကြုံများအရ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ Aviation and Aerospace Technology ရဲ့သဘာဝဟာလည်း အရပ်ဘက်သုံး၊ စစ်ဘက်သုံး နှစ်ဘက်သုံးနိုင်တဲ့ Dual use Technology အမျိုးအစားဖြစ်ပါတယ်။ Aviation and Aerospace Industry ဟာ တစ်နည်းအားဖြင့်လည်း Technology based Industry နဲ့ Knowledge based Industry တို့ရဲ့ အဆင့်မြင့် နည်းပညာပေါင်းစည်းမှု High Level Technology Integration အဖြစ် ရှုမြင်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလမ်းကြောင်းကို ရောက်ရှိနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ Infrastructure များကနေစပြီးတော့မှ တည်ဆောက်သွားဖို့ရည်မှန်းထားပါတယ်။ ဒီလို မဟာ ဗျူဟာရည်မှန်းချက်ထားရှိတဲ့အားလျော်စွာ ကာလရှည်စီမံချက် Long term Plan နဲ့အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် လုပ်ငန်း ဖြစ်ပါတယ်။ ဒီလိုဖြစ်သည့်အားလျော်စွာ ယခုအချိန်ကပင် လုပ်ငန်းများကို အဆင့်အတန်းအလိုက်၊ အနေအထားအလိုက်၊ အဆင့်ဆင့်ဆောင်ရွက်သွားမှသာ ကျွန်တော်တို့ အနာဂတ်မျိုးဆက်သစ်များ အတွက်ကောင်းမွန်တဲ့အမွေကောင်းများထားရှိနိုင်မှာဖြစ်တာကို သတိပြုနိုင်ရန်တင်ပြခြင်းဖြစ်ပါတယ်။

လက်ရှိအနေအထားမှာလည်း မိမိတို့နဲ့အဆင့်အတန်းတူ အာဆီယံဒေသတွင်းနိုင်ငံများမှာ ပင်လျှင် Aviation Industry များကို မိမိတို့လက်လှမ်းမီတဲ့အဆင့်ကနေ စတင်ဆောင်ရွက်နေပြီးတော့ အဆင့်အတန်းတစ်ခုကိုရောက်ရှိနေပြီဆိုတာကို လေ့လာသုံးသပ်ရမှာဖြစ်ပါတယ်။ ဒီကနေ့လောလောဆယ် အခြေအနေမှာလည်း ကျွန်တော်တို့ဟာ Commerical Aircraft ကဲ့သို့ Certification လို လေယာဥ်မျိုးကို ချက်ချင်းလက်ငင်းထုတ်လုပ်ဖို့ ရည်မှန်းချက်ထားရှိမှာမဟုတ်ဘဲ Training Aircraft ကဲ့သို့သော လေယာဥ်ငယ်များမှစတင်ထုတ်လုပ်ရန် ရည်မှန်းထားရှိမှာဖြစ်ပါတယ်။ ဒီလိုထုတ်လုပ်မှု အဆင့်အနေနဲ့လည်း Assembly, Integration and Testing (AIT), Part Manufacturing Renovation အဆင့်တွေကို Under License ထုတ်လုပ်ပြီး အဆင့်ဆင့်ကျော်ဖြတ်ပြီးမှသာ Airframe Fabrication အဆင့်ကိုတစ်ဆင့်ပြီးတစ်ဆင့်ကူးပြောင်း ဆောင်ရွက်သွားရန်ရည်မှန်းထားရှိပါတယ်။

Avionies နှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ Plan မှာပါရှိပြီးဖြစ်တဲ့ National Electronic Complex ရဲ့စွမ်းဆောင်ရည်ကနေ မူတည်ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်လုပ်သွားဖို့ ရည်မှန်းထားရှိပါတယ်။ Transfer of Technolo gy Basic နဲ့ ထုတ်လုပ် ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ Trainin g Aircraft လေယာဉ်ငယ်များကစတင်၍ ထုတ်လုပ်မှုလုပ်ငန်းစဥ်များကို တစ်ဆင့်ပြီးတစ်ဆင့် Techonolo gy Maturity and Airworthiness ရအောင် ထုတ်လုပ်ဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက်ကြောင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနဲ့ အဆင့်အတန်းကို အခြေခံပြီးတော့ စနစ်တကျဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေယာဉ်ထုတ်လုပ်မှုကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်တာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ မိမိတို့နိုင်ငံမှာ ဖွင့်လှစ်ပြီးဖြစ်တဲ့ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသတက္ကသိုလ်ကနေ ဘွဲ့ရအနာဂတ် မျိုးဆက်သစ်လူငယ်များကို လည်း လေကြောင်းပညာရှင်များ၊ လေကြောင်းအင်ဂျင်နီယာများ ဖြစ်ထွန်းလာအောင် စာတွေ့၊ လက်တွေ့ ပေါင်းစပ်ပြီးတော့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်ရဲ့ အနာဂတ်ရေးအတွက်မျှော်မှန်းကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ မိမိတို့ဝန်ကြီးဌာနက ကနဦးထုတ်လုပ်တဲ့ လေယာဉ်များဟာ လုပ်ငန်းပူးတွဲဆောင်ရွက်တဲ့ နိုင်ငံများက Aircraft(Type) Certificate ရရှိပြီးဖြစ်တဲ့အတွက်ကြောင့် Certificate of Airworthness ရယူရေးကင်းလွတ်ခွင့်ရရှိပြီးတော့ မြန်မာနိုင်ငံလေကြောင်း ပိုင်နက်အတွင်းမှာ ပျံသန်းနိုင်မှာဖြစ်ပါတယ်။ ဒီလိုအဆင့်အတန်းကနေ တစ်ဆင့်ပြီးတစ်ဆင့် ရေရှည်မှာတော့ Aircraft and Helicopter အမျိုးမျိုးထုတ်လုပ်နိုင်ရေးဆီကို ရေရှည်အစီအမံနဲ့ ဦးတည်ဆောင်ရွက်သွားရမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဒီနေရာမှာ နည်းပညာနဲ့ပတ်သက်ပြီးတော့ ခေတ်နောက်ကျမှုကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ရန်လိုအပ်ကြောင်း တင်ပြလိုပါတယ်။ တစ်နည်းအားဖြင့် မဟာဗျူဟာအမြင်နဲ့ရှုမြင်ဖို့ဖြစ်ပါတယ်။ နည်းပညာကွာဟမှုဟာTechnolo gy Gap လို့ ကျွန်တော်တို့ International စာအုပ်တွေမှာ ခေါ်ပါတယ်။ ဒီ Technolo gy Gap ဟာ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာကို Sovereignty ထိခိုက်ရတဲ့အခြေအနေကို ဆိုက်ရောက်နိုင်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ မိမိနိုင်ငံရဲ့ပကတိအနေအထားမှာလည်း အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဥ်လျှင် နည်းပညာကွာဟမှုကြီးမားနေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒီလိုနည်းပညာကွာဟမှုကို အခြေပြုပြီးတော့ ယှဥ်ပြိုင်နိုင်စွမ်းမရှိတဲ့အတွက်ကြောင့် အလုပ်အကိုင်အခွင့် အလမ်းတွေနည်းပါးလာတဲ့အတွက် အိမ်နီးချင်းနိုင်ငံသို့ မိမိအလုပ်သမားဦးရေ ၃၀၀၀၀၀၀ ခန့် သွားရောက်လုပ်ကိုင်နေရတဲ့ ပကတိဖြစ်ရပ်ကိုသုံးသပ်ရှုမြင်အပ်ပါတယ်။ ဒီကနေတစ်ဆင့် လူမှုစီးပွားရေးအကျိုးဆက်များဟာ မိမိနိုင်ငံရဲ့

အချုပ်အခြာအာဏာကို သက်ရောက်မှုများရှိလာနိုင်ပါတယ်။ Technology Gap ကျဥ်းမြောင်းဖို့အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဖက်မှာလည်း ဆန့်ကျင်ဘက်အစွန်းတရားတစ်ရပ်ဖြစ်တဲ့ Conradicted Criteria တစ်ခုဖြစ်တဲ့ Technology Trap ကိုလည်း သတိဖြင့်ရှောင်ကျဥ်ဖို့လိုအပ်ကြောင်း ကျွန်တော်တို့ရှုမြင်ပါတယ်။ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ လေယာဥ်ထုတ်လုပ်မှုကိစ္စရပ်ကဲ့သို့ ဖြစ်ပါတယ်။ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ အဆိုပါ Criteria and Condition များကိုကောင်းစွာသိရှိနားလည်ပြီးဖြစ်တဲ့အားလျော်စွာ Technology Trap ကိုအထူးသတိပြု ရှောင်ရှားပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကိုခြိမ်းခြောက်မှုပြုနေတဲ့ Technology Gap ကနေလွတ်မြောက်စေနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းဖြစ်တဲ့ စက်မှုနိုင်ငံအဖြစ်တက်လှမ်းရေးလုပ်ငန်းစဥ်များကို ကြီးမားသောသတိဝိရိယဖြင့် မဆုတ်မနစ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့တင်ပြမှာကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ရေလုပ်ငန်းရှင်များရဲ့ ကိစ္စဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြို့နယ်များကနေပြီးတော့ ရေထွက်ပစ္စည်းများအပေါ်မှာ အခွန်နှစ်ရပ်ကောက်ခံနေခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ဖို့အတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှာ ရေလုပ်ငန်းရှင်များဟာ ငါးလုပ်ငန်းဦးစီးဌာနမှာ မှတ်ပုံတင်ပြီးတော့ ဝယ်ယူစုဆောင်းခွင့် လိုင်စင်အဖြစ် ရေထွက်ပစ္စည်းများကို စုဆောင်းကာ သံတွဲမှတစ်ဆင့် လေကြောင်းခရီးဖြင့်လည်းကောင်း၊ တောင်ကုတ်မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့်လည်းကောင်း ရန်ကုန်မြို့ရှိ စက်ရုံများသို့၊ စက်ရုံများ၊ ကုမ္ပဏီများသို့ ပို့ဆောင်လျက်ရှိပါတယ်။ အဲဒီစက်ရုံများနဲ့ ကုမ္ပဏီများကလည်း ကျသင့်သော အခွန်အခများကို ထပ်မံပေးဆောင်ပြီး ရန်ကုန်နှင့်အခြားမြို့များသို့ ဆက်လက်ရောင်းချ ကြရပါတယ်။ ထိုသို့ ရခိုင်ပြည်နယ်မှထွက်ရှိတဲ့ ရေထွက်ပစ္စည်းများကိုပို့ဆောင်ရာမှာ ရေလုပ်ငန်းရှင်များဟာ (၁) ကုန်သွယ်လုပ်ငန်းခွန်၊ (၂)ဝင်ငွေခွန်၊ အမြတ်ခွန်နှစ်ရပ်လုံးကို သက်ဆိုင်ရာမြို့နယ်ရုံးများမှာ

ပေးဆောင်နေကြရပါ၍ အမြတ်အစွန်းမကျန်သလောက်ဖြစ်ပြီး ငွေကုန်လူပန်းဖြစ်ကာ မိအေးနှစ်ခါနာဘဝကို ရောက်ရှိနေကြပါတယ်ခင်ဗျား။ ယခုကဲ့သို့ အခွန်နှစ်ရပ် ပေးဆောင်နေရခြင်းဟာ ရခိုင်ပြည်နယ်တစ်ခုတည်း၌သာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ကဲ့သို့ ရေလုပ်ငန်းလုပ်နေတဲ့ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ အခွန်တစ်ရပ်သာပေးဆောင်ရကြောင်း မေးမြန်းစုံစမ်းသိရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လေ့လာသိရှိရသလောက်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့အမြဲတမ်းလို ပြောဆိုနေကြတဲ့လောကပါလတရားမှာလည်းပါပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်းနဲ့ တရားမျှတခြင်း ဆိုတာရှိပါတယ်။ အင်္ဂလိပ်လိုတော့ Liberty, Equally, Eternal Principle Of justice ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၄၃၉ ၊ အပိုဒ် (ဂ) မှာလည်း နိုင်ငံတော်သီချင်းမှာ ဒါကို ထည့်သွင်းဖော်ပြထားတာတွေရှိပါတယ်။ အဲဒီမှာကို ကျွန်တော်တို့ နိုင်ငံတော်သီချင်းမှာဆိုလို့ရှိရင် ဌာန်ကရိုဏ်း ကျကျမဆိုတတ်တော့ဖတ်ပြပါမယ်။ တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်တို့မြေများ လူခပ်သိမ်းငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှဝါဒ+ဖြူစင်တဲ့ မြေ၊ တို့ပြည်တို့မြေ၊ ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေထိန်းသိမ်းစို့လေ။ ဆိုပြီးတော့မှ ကမ္ဘာမကျေ၊ မြန်မာပြည်ဆိုပြီးတော့ နောက်ဆုံးဘိတ်မှာတော့ ဒို့တာဝန်ပေ အဖိုးတန်မြေဆိုပြီးတော့ အဆုံးသတ်ပါတယ်။ အဲဒါ ကျောင်းသားကလေးတွေ ကျောင်းတက်တိုင်းဆိုနေကြတဲ့ နိုင်ငံတော်သီချင်းဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်သီချင်းထဲမှာကိုက တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှဆိုတာပါရှိနေပါပြီ။ ရေလုပ်ငန်းရှင်တိုင်း ခွင့်တူညီမျှ ရကြရမှာဧကန်မလွဲဖြစ်ပါတယ်။ အခုတော့ မတူကွဲပြားပါတီနာမည်ကို ပြောတာမဟုတ်ပါဘူး။ တန်းတူညီမျှမဖြစ်ဘူး။ မတူဘူး။ တစ်သီးတစ်ခြားဖြစ်နေတယ်ဆိုတာကို ဆိုလိုတာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ ပါတီစုံပါဝင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ ပြည်နယ်၊ ပြည်မ ခွဲခြားခြင်း၊ လူမျိုးခွဲခြားခြင်းလည်းမရှိပါဘူး။ ဝါဒစွဲ၊ ပါတီစွဲလည်းမရှိကြတော့ပါဘူး။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၉ မှာလည်း နိုင်ငံသားတိုင်း တူညီသောအခွင့်အလမ်းများရှိကြောင်းကို အပိုဒ်(ဂ)နှင့်(ဃ)တို့မှာ ဖော်ပြထားပြီးပါပြီ။ အခုအချိန်အခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကလည်း ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ကင်းလွတ်ခွင့်ပြုရာမှာ ရေချို၊ ရေငန် ရေထွက်ပစ္စည်းများပါ ပြည်ပပို့ကုန်ခုနှစ်မျိုးကို ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဒါကြောင်မို့လို့ နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ရေလုပ်ငန်းရှင်ပြည်သူများအတွက် အခြားပြည်နယ်/ တိုင်း

ဒေသကြီးများနည်းတူ ရေထွက်ပစ္စည်းများအပေါ် အခွန်တစ်ရပ်သာကောက်ခံပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ်သားတွေက အသံကောင်းယုံတင်မကဘူး။ သီချင်းလည်း အဆိုကောင်းတယ်လို့ ပြောလို့ရနိုင်ပါတယ်။ မနေ့ကတော့ စာရေးဆရာဒါရိုက်တာက ရုပ်ရှင်အကြောင်းတွေပြောသွားတာ နာမည်တွေ တော်တော်များများပါသွားပါတယ်။ ဒီနေ့ကျတော့လည်း အဆိုတွေ၊ ဘာတွေနဲ့ဆိုတော့ နည်းနည်းမြိုင်သွားတာပေါ့။ ဒါကြောင့် ဦးအောင်စိန်မေးမြန်းတဲ့ အမေးကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဖြစ်ပါတယ်။ ခုနက ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ ရခိုင်ပြည်နယ်မှ ရေထွက်ပစ္စည်းများအပေါ် အခွန်နှစ်ရပ်ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ရဲ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့မေးခွန်းမှာ ရခိုင်ပြည်နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များဟာ ငါးလုပ်ငန်းဦးစီးဌာနမှ ဝယ်ယူစုဆောင်းခွင့်လိုင်စင်ဖြင့် ရေထွက်ပစ္စည်းများကို လေကြောင်းလမ်းဖြင့်လည်းကောင်း၊ ကုန်းလမ်းဖြင့်လည်းကောင်း၊ ရန်ကုန်ရှိကုမ္ပဏီနှင့် စက်ရုံများသို့ ပို့ဆောင်ရောင်းချ၍ ထိုကုမ္ပဏီနှင့်စက်ရုံများမှ ကျသင့်အခွန်များပေးဆောင်ပြီး ဆက်လက်ရောင်းချလျက်ရှိပါကြောင်း ဖော်ပြထားပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်မှ ပို့ဆောင်ရောင်းချရာတွင် ရေလုပ်ငန်းရှင်များဟာ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ဝင်ငွေခွန်၊ အမြတ်ခွန်နှစ်ရပ်ကို သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများမှာ ပေးဆောင်ကြရသည့်အတွက် အခွန်များကို ကင်းလွတ်ခွင့်ပြုရန် တင်ပြထားတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ထုတ်ပြန်ထားတဲ့ ကုန်သွယ်လုပ်ငန်းခွန်၊ အခုတော့ အမြတ်ခွန်မရှိတော့ပါဘူး။ ဝင်ငွေခွန်ပဲရှိပါတော့တယ်။ ဒီကုန်သွယ်လုပ်ငန်းခွန်ရဲ့ ဥပဒေအရ ရှင်းလင်းတင်ပြရမယ်ဆိုရင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယား(၁)၊ အမှတ်စဉ်(၅၇)အရ မည်သူမဆို မိမိရဲ့အသက်မွေးကျောင်းအတွက်၊ ဥပမာအားဖြင့် ရေလုပ်ငန်းအတွက် ငါးစို၊ ပုဇွန်စို၊ သားငါးတွေကို ကိုယ်တိုင်ဖမ်းဆီးပြီးတော့ ရောင်းချလို့ရှိရင် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန်မလိုပါဘူး။ ကျသင့်ခြင်းမရှိပါဘူးဆိုတာ

ဖော်ပြထားပါတယ်။ သို့သော်လည်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယား(၇)၊ အမှတ်စဥ် (၃)အရ ကုန်စည်ဝယ်ယူရောင်းချတဲ့ ကုန်သွယ်မှုလုပ်ငန်း၏ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရမယ်ဆိုပြီးတော့ လက်ရှိဥပဒေအရ ပြဋ္ဌာန်းထားပါတယ်။ ခုနက ဦးအောင်စိန် တင်ပြသွားတဲ့ကုန်သည်များဟာ ခုနကလာရောက်ရောင်းချတာတွေကို ဝယ်ပြီးတော့မှ ငါးလုပ်ငန်းဦးစီး ရဲ့ ခွင့်ပြုချက်နဲ့ ရန်ကုန်မြို့မှာရှိတဲ့ နိုင်ငံခြားပို့မယ့်ကုမ္ပဏီတွေကို လာရောက်ရောင်းချတဲ့အတွက် ရရှိတဲ့ငွေအပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ငါးစို၊ ပုဇွန်စိုများ ဝယ်ယူစုဆောင်းပြီး ရန်ကုန်မှာရှိတဲ့ကုမ္ပဏီနဲ့စက်ရုံတွေကို လေကြောင်း၊ ကုန်းကြောင်းကနေ တင်ပို့ ရောင်းချတဲ့ ရေလုပ်ငန်းရှင်များဟာ ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်ကို မြို့နယ်ဦးစီးဌာနမှူးရုံး မှာ ပေးဆောင်နေရခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါရေထွက်ပစ္စည်းများဝယ်ယူ ရောင်းချတဲ့ အပေါ်မှာ လုပ်ငန်းကထွက်ပေါ်လာတဲ့ အရင်တုန်းကတော့ အမြတ်ငွေပေါ့ အခုတော့ဝင်ငွေပေါ့။ မြတ်စွန်းငွေ၊ ဝင်ငွေပေါ်ပေါက်တယ်ဆိုရင် ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေခွန်ကို ကျွန်တော်တို့ ပေးဆောင်ရပါတယ်။ မြတ်စွန်းမှုမရှိဘူး။ အမြတ်မရှိဘူးဆိုလို့ရှိရင် ဒါကို ဝင်ငွေခွန်၊ ဒါကို စည်းကြပ်ခြင်းမရှိပါ ဘူး။ဒါလည်းဝင်ငွေခွန်ဥပဒေမှာ ပြဋ္ဌာန်းထားချက်အရ စည်းကြပ်တာဖြစ်ပါတယ်။ ဒီလို ကုန်သွယ် လုပ်ငန်းခွန်နှင့် ဝင်ငွေပေးဆောင်ရတဲ့နေရာမှာ တင်ပြချက်ထဲမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေပဲ ပေးဆောင်ရတယ် ဆိုတာလည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံး ကို ဒီအတိုင်းစည်းကြပ်ထားတာဖြစ်ပါတယ်။ ဒီလို စည်းကြပ်မှုနဲ့ပတ်သက်လို့ တွေ့ရှိချက်အပေါ်မှာ တကယ်လို့ သီးခြားကျွန်တော်တို့ဆီကို အကြောင်းကြားပေးမယ်ဆိုရင် ကျွန်တော်တို့လစ်ဟာနေတဲ့ ဟာတွေကို ကျွန်တော်တို့ထိထိရောက်ရောက်ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့၊ နိုင်ငံတော် အစိုးရအနေနဲ့ ခုနပြောသလို ပြည်နယ်၊ပြည်မ မည်သို့မျှမခွဲခြားဘဲ ဥပဒေအရ တာဝန်ရှိတဲ့အပေါ်မှာ အခွန်များကို စည်းကြပ်ဖို့တာဝန်ရှိပါတယ်။ ဘယ်သူ့ကိုမှ ကျွန်တော်တို့ ကျောသားရင်သားခွဲခြား ပြီးတော့ ဆောင်ရွက်ခြင်းမရှိပါဘူးဆိုတာလည်း ထပ်လောင်းဖြည့်စွက်ပြောကြားလိုပါတယ်။ ဒီလို ရောင်းချလိုက်တဲ့ ကုမ္ပဏီတွေကရတဲ့ ကုန်ပစ္စည်းတွေပေါ်မှာ ပြည်ပပို့ကုန်နဲ့ပတ်သက်လို့တော့ ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကနေပြီးတော့မှ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးထားတာ ရှိပါတယ်။ ဒါဟာဘာလဲဆိုရင် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များရဲ့ ရေချို၊ ရေငန်၊ ရေထွက်ပစ္စည်းအပါအဝင် ပြည်ပပို့ကုန်အမျိုးအစား မူလကခုနစ်မျိုးဖြစ်ပါတယ်။ အခုတော့ သစ်တောနဲ့ဆက်စပ်တဲ့ ပစ္စည်းများအပါအဝင်ဖြစ်တဲ့အတွက် ရှစ်မျိုးကို လက်ရှိနိုင်ငံတော်အနေနဲ့ ပြည်ပကို ပို့တဲ့အခါမှာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ခြောက်လပေးထားတာသည် နိုင်ငံတော်ရဲ့

စီးပွားဖြစ်ထွန်း တိုးတက်ဖို့အတွက် ပြည်ပပို့ကုန်တိုးမြှင့်ဖို့အတွက် သီးခြားဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အဲတော့ ကျွန်တော်နိဂုံးချုပ်အနေနဲ့ ရှင်းလင်းတင်ပြလိုတာကတော့ အခွန်ပေးဆောင်ရန်ထိုက်သော ရောင်းရငွေရှိတဲ့ Transaction တိုင်းမှာ သက်ဆိုင်ရာ၊ ခုနပြောတဲ့ ကုန်သွယ်လုပ်ငန်းခွန်နဲ့ရရှိတဲ့အမြတ်ငွေ သို့မဟုတ် ဝင်ငွေကိုပေးဆောင်ရမယ်ဆိုတာ နိုင်ငံတော်မှာ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိအဆင့်လိုက်၊ အဆင့်လိုက်ဆောင်ရွက်နေရတာဖြစ်တဲ့အတွက်ကြောင့်နောက်ဆုံးလူက ပေးပြီးသားဖြစ်တယ်။ ရှေးကလူကပေးစရာမလိုဘူးဆိုတဲ့ အနေအထားမျိုးနဲ့ကျွန်တော်တို့ ဥပဒေမှာ ထုတ်ပြန်ထားတာမရှိပါဘူး။ သူ့အဆင့်လိုက်၊ သူ့အဆင့်လိုက် ရရှိတဲ့ဝင်ငွေပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ဝင်ငွေခွန်များကိုသာ ကောက်ခံနေတာဖြစ်တယ်ဆိုတာကိုလေးစားစွာဖြင့် ရှင်းလင်းပြန်လည်ဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ထန်ထလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းပြည်နယ်သည် အိန္ဒိယနဲ့တစ်ဆက်တည်းသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဤကဲ့သို့ နယ်စပ်ပြည်နယ်ဖြစ်သည့်အားလျော်စွာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍသည်ဆင်းရဲ နွမ်းပါးသော ချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော အဓိကအချက်ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းတိုင်းရင်းသားတို့သည် ဒေသထွက်သယံဇာတပစ္စည်းများမရှိသည့်အတွက် ချင်းတိုင်းရင်းသားတို့သည် နယ်စပ်ကုန်သွယ်ရေးကိုပဲအားကိုးပြီးစောင့်မျှော်နေကြပါတယ်ရှင်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ကို နယ်စပ်ကုန်သွယ်ရေးနေရာအဖြစ်သတ်မှတ်ပေးနိုင်ပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဆင်းရဲနွမ်းပါးသောချင်းပြည်နယ်အတွက်လည်းကောင်း၊ ထန်တလန်မြို့နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်းကောင်းအဓိကအထောက်အကူပြုနိုင်မည်ဟု ယူဆမိပါတယ်။ ယခုအခါ လူသွားလမ်းများကို အထူးပြုပြီးကျေးရွာများမှ ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထကားလမ်းများဖြင့် အိန္ဒိယပြည်နယ်နှင့်ဆက်သွယ်နေကြပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အား နယ်စပ်ကုန်သွယ်ရေးမြို့အင်္ဂါနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါသည်ဟုယူဆမိပါတယ်။သို့ဖြစ်ပါ၍ကျွန်မမေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အား နယ်စပ်ကုန်သွယ်ရေး

မြို့အဖြစ် သတ်မှတ်ပေးပြီး လိုအပ်သောလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ခုလိုပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးမှာ ဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့အား နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် သတ်မှတ်ပေးပြီး လိုအပ်တဲ့လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိပါသလားဆိုတဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၁၉၈၈ ခုနှစ်ကစတင်ပြီးတော့ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံ မျက်နှာစာအလိုက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရာမှာ မြန်မာ - အိန္ဒိယနယ်စပ်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့မှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့သလို ချင်းပြည်နယ်၊ ရိခေါဒါရ်မြို့မှာ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီးတော့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယမျက်နှာစာမှာ ထန်တလန်မြို့နယ်ကို နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ်သတ်မှတ်ပေးနိုင်ဖို့ဆိုရင် ထန်တလန်မြို့ရဲ့အရှေ့ဘက် ၃၅ မိုင် ၄ ဖာလုံဝေးတဲ့ နယ်စပ်ဒေသလုံလဲနဲ့ ၄၄ မိုင်ဝေးတဲ့ နယ်စပ်ဒေသစာသင်ကျောင်းတစ်ခုခုကိုတော့ ရွေးချယ်ဖို့စဉ်းစားကြရမှာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ရာမှာ ထည့်သွင်းစဉ်းစားရတဲ့ အချက်တွေကို ကြည့်မယ်ဆိုရင် နယ်စပ်ကုန်သွယ်မှုစခန်းများဖွင့်လှစ်မယ့် နှစ်ဘက်နိုင်ငံဒေသတွင်းလုံခြုံမှုရှိခြင်းနဲ့ လမ်းပန်းဆက်သွယ်မှု အခြေအနေဟာ ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်တဲ့အဆင့်အထိ ကောင်းမွန်ဖို့လိုအပ်ခြင်းများဖြစ်ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံချစ်ကြည်မှုရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ဖို့ နှစ်နိုင်ငံညှိနှိုင်းသဘောတူညီချက် ရရှိထားခြင်းဖြစ်ဖို့လည်းပဲ လိုအပ်ပါတယ်။ ယခုလို

ညှိနှိုင်းပြီးပါကလည်းပဲ နှစ်နိုင်ငံနယ်စပ်ဂိတ်တွေမှာ ကုန်သွယ်မှုလုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လူဝင်လူထွက်ကြီးကြပ်ရေးအစီအစဥ်များအပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေ ပြည့်စုံရမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုအနေအထားကို ကြည့်ရင်လည်းပဲ ဒေသအတွင်း နှစ်ဖက်ပြည်သူစားသုံးဖို့ သာမန်သွားလာဝယ်ယူတဲ့ ကုန်သွယ်မှုပမာဏအဆင့်သာမဟုတ်ဘဲနဲ့ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်အပြန်အလှန် မျှတစွာကုန်သွယ်နိုင်တဲ့ ထိုက်သင့်တဲ့ ကုန်သွယ်မှုပမာဏ ရှိဖို့လည်းလိုအပ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာ အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုပြုနိုင်တဲ့ အခြေအနေလည်းရှိရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့ ရဲ့အနေအထား၊ နယ်မြေအေးချမ်းလုံခြုံမှုရှိပါတယ်။ ဒါပေမယ့်လည်း အခြားအချက်များအားလုံး လိုလိုနဲ့ပြည့်စုံမှုရှိအောင် လုပ်ဆောင်ကြရဦးမှာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတွေရဲ့ သဘောကို ပြန်ကြည့်ရင်လည်းပဲ နှစ်နိုင်ငံနယ်စပ်ကုန်းတွင်းပိုင်းမျက်နှာစာ ဘယ်လောက်ပဲရှည်ပါစေ၊ စောစောကတင်ပြခဲ့တဲ့ အခြေခံအချက်တွေ ပြည့်စုံတဲ့နေရာတွေမှာသာ ဖွင့်လှစ်ရတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ထန်တလန်မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ဖို့ဆိုရင် အခြေခံအချက်များ ပြည့်စုံမှုရှိလာရင် နယ်စပ်စခန်းဖွင့်လှစ်နိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း လုပ်ဆောင်ရာမှာ အဓိကလုပ်ငန်းလုပ်ဆောင်ကြရမယ့် ဝန်ကြီးဌာနများဖြစ်တဲ့စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့်လည်းကောင်း၊ နယ်မြေလုံခြုံရေးနဲ့လမ်းကိစ္စများ ဆောင်ရွက်ပေး ကြရမယ့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နဲ့လည်းကောင်း ပေါင်းစပ်ညှိနှိုင်း အဖွဲ့ ဖွဲ့စည်းပြီးတော့ ကွင်းဆင်းလေ့လာဆောင်ရွက်ပြီးတော့ တွေ့ရှိချက်များအပေါ် မူတည်ပြီး ပြည်ထောင်စုအစိုးရထံ လိုအပ်သလိုတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ ကျင်းပပြုလုပ်တဲ့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး Joint Trade Committee Meeting အစည်းအဝေးမှာလည်းပဲ ကျွန်တော်နဲ့ အိန္ဒိယကုန်သွယ်ရေးဝန်ကြီး မစ္စတာအာနာရှားမားနဲ့ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး တိုးချဲ့ဆောင်ရွက်ပြီးတော့ Trade Volume ကုန်သွယ်မှုပမာဏ တိုးတက်မြှင့်တင်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်သမ္မတကြီးရဲ့ အောက်တိုဘာ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ သွားရောက်ခဲ့တဲ့ အိန္ဒိယခရီးစဥ်မှာလည်းပဲ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး တိုးချဲ့ဆောင်ရွက်ဖို့ ဖော်ပြဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် အခြေအနေပေးတာနဲ့အမျှ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်

သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၂၉-၈-၂၀၁၁ ရက်နေ့ကအတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံတော်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၃၀-၈-၂၀၁၁ ရက်နေ့တွင် ပေးပို့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ၅-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ကာလအတွင်း ပြင်ဆင်ချက်တင်သွင်းမှု တစ်စုံတစ်ရာမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ယခုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ မြန်မာနိုင်ငံတော်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဖြန့်ဝေတင်ပြထားသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် မြန်မာနိုင်ငံတော်၊ အသေးစားငွေရေး၊ ကြေးရေးလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့်အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်(ကြာသာပတေးနေ့) ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။